# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၂၄)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ဂျီးရီးယားသံအမတ်ကြီး H. E. Mr. Ahmed Nuhu Bamalli အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်မှု နည်းပညာပိုင်းဆိုင်ရာကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားသံအမတ်ကြီး H. E. Mr. Ahmed Nuhu Bamalli အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နိုင်ဂျီးရီးယား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်မှု နည်းပညာပိုင်းဆိုင်ရာကဏ္ဍ၊ အားကစားကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ ၊ ရုပ်ရှင်ထုတ်လုပ်မှုကဏ္ဍနှင့် ကွဲပြားသော လူမျိုးစုမျိုးနွယ်များ အတူတကွယှဉ်တွဲနေထိုင်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားသံအမတ်ကြီး H. E. Mr. Ahmed Nuhu Bamalli အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

## နှစ်အလိုက်တင်သွင်းခွင့်ပြုခဲ့သော အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်းများကို ၂၀၁၉ ခုနှစ်တွင် အထူးကိစ္စရပ်အနေဖြင့် ဆက်လက်တင်သွင်းခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသေးစား/အလတ်စား စက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် သက်သာစေရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက် တင်သွင်းခွင့်ပြုခဲ့သော အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း(Used Machine)များကို ၂၀၁၉ ခုနှစ်တွင် အထူးကိစ္စရပ်အနေဖြင့် ဆက်လက်တင်သွင်းခွင့်ပြုလိုက်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

အသုံးပြုပြီး စက်ပစ္စည်းများ တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းမှသာ ခွင့်ပြုမည်ဖြစ်ပြီး ပြည်တွင်းတွင် အသုံးမတည့်သော စက်ပစ္စည်းများ စုပုံနေခြင်း၊ ပတ်ဝန်းကျင်ထိခိုက်စေခြင်းများ မဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ အသုံးပြုပြီးသည့်ခုနှစ် ၁၀ နှစ်ထက် မပိုသော တိုက်ရိုက်အသုံးပြုနိုင်မည့် စက်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

စက်ပစ္စည်းများကို တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်း အပြည့်အစုံကို *စာမျက်နှာ ၃ ကော်လံ ၁* ◆

## တပ်မတော်(ကြည်း)၊ (လေ)၊ အမြောက်နှင့် သံချပ်ကာ တပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း ပြုလုပ်

စာမျက်နှာ » ၃

## ဒုတိယအကြိမ် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး အာရှနိုင်ငံတစ်ခုတွင် ကျင်းပမည်ဟု မိုက်ပွန်ပီအိုပြော

စာမျက်နှာ » ၁၄


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရေရှည်အမြော်အမြင်

ယခုရက်ပိုင်းအတွင်း၌ အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း ပြည်နယ်များတွင် ထူးထူးကဲကဲ အအေးလှိုင်းဝင်နေသည်ဟု သိရပါသည်။ အမေရိကန်မြောက်ပိုင်းပြည်နယ်များဖြစ်သော မီရှီဂန်၊ အီလီနွိုင်း၊ အင်ဒီယားနား၊ အိုဟိုင်းယိုး အစရှိသည့် ပြည်နယ်တော်တော်များများ အအေးဒဏ်ကို ခံနေရပါသည်။

သည်လောက်အေးသည့် အအေးဒဏ် စံချိန်တင်လောက်သည်ဟုလည်း ဆို၏။ နေ့လယ်ခင်း ၁၂း၀၀ နာရီတွင် အနုတ် ၃၀ ဒီဂရီမှသည် အနုတ် ၅၀ ဒီဂရီအထိ ကျဆင်းနေသည်ဟုလည်း သိရပါသည်။ ရေခဲမှတ်၏ အောက်များစွာကျဆင်းနေခြင်း ဖြစ်၏။ အီလီနွိုင်းပြည်နယ် ချီကာဂိုမြို့တွင် ဝင်ရိုးစွန်းဒေသများနှင့် ဧဝရက်တောင်ထိပ်တို့ထက်ပင် ပိုအေးသည်ဟု ဆို၏။

နောက်ဆုံးသတင်းများအရဆိုလျှင် မီနီဆိုတာ ပြည်နယ်တွင် အနုတ် ၆၅ ဒီဂရီ ဖာရင်ဟိုက်အထိ ကျဆင်းသွားပြီး အိမ်တွင်းမှ အပြင်သို့ ထွက်သူများအတွက် အလွန်အန္တရာယ်များသော အခြေအနေ ဖြစ်ပါသည်။ ချီကာဂိုမြို့နေ အိမ်ခြေရာခြေမဲ့များ အိမ်တွင်း အပူပေးစနစ်မရှိသူများအတွက် အစိုးရက အရေးပေါ်ခိုလှုံရာများ ၂၄ နာရီ စီစဉ်ပေးနေရသည်။ ဒါဇင်ခန့် လမ်းပေါ်သေဆုံးသည်ဟုလည်း ဆိုသည်။

ဤမျှလောက်အေးသည့်အတွက် ကျောင်းများပိတ်၊ ရုံးများပိတ်၊ ဆိုင်များပိတ်၏။ မီးရထားခရီးစဉ်များ၊ လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းထားရ၏။

မြောက်ဝင်ရိုးစွန်းကလာသည့် အအေးလှိုင်းများက ကျိုးပေါက်ပြီး ထိုဒေသများဆီသို့ ရောက်လာသည်ဟု သိပ္ပံပညာရှင်များက ဆို၏။

အဓိကကတော့ ရာသီဥတု ဖောက်လွဲဖောက်ပြန်ဖြစ်ခြင်း ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အရေးပါမှု၊ လူတို့ သတိထားကြဖို့ စသည်တို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်တို့က သတိပေးနေသည်မှာ ကြာမြင့်လှပြီဖြစ်သော်လည်း မသိကျိုးကျွံမှုများ များပြားနေခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့သော ကမ္ဘာမြေတစ်လွှားက အပူလွန် အအေးလွန် မမျှတမှုများ ရေခန်းခြောက်မှု၊ ရေကြီးရေလျှံဖြစ်မှုစသည့် ဂေဟစနစ် မမျှတမှုများက လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကို သတိပေးနေပြီ ဖြစ်သည်။

တစ်နည်းဆိုရသော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အလေးအနက်မထားဖို့ မဖြစ်နိုင်တော့ဟူသည့် သတင်းစကားဖြင့် ကမ္ဘာ့ဒေသများအားလုံးကို သတိပေးနေသည့် သဘာဝဘေးအန္တရာယ်အချက်ပေးခေါင်းလောင်းဟု ဆိုရပါမည်။

အထူးသဖြင့် ငွေရေးကြေးရေး အမြတ်ထွက်ရေး လောဘဇောတို့က ဦးဆောင်လာသည့်အခါတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုသည်ကို နောက်တန်းပို့လာကြသည့် ပြဿနာသည် အရင်းခံအကြောင်းတရားတစ်ခုအနေဖြင့် ရှိမည်ဟု ယူဆပါသည်။

ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း အထူးသတိထားကြရန်လိုပါမည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးအနက်မထားဘဲ ဖြစ်သလို လုပ်ခဲ့ကြသည်များ၏ အကျိုးဆက်များက အချိန်မရွေး ရောက်လာနိုင်သည်ဖြစ်၏။ နာဂစ်မုန်တိုင်း၊ မြစ်ရေကြီးခြင်း စသည်တို့က သဘာဝပတ်ဝန်းကျင်နှင့် အဆက်အစပ်ရှိသော အကျိုးဆက်များ ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းနှင့် အများဆိုသလို ရှိတတ်ပေရာ မဖြစ်မနေဆောင်ရွက်ကြရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား မျှခြေတစ်ရပ်ကို ဖော်ဆောင်နိုင်ရန် မူဝါဒရေးဆွဲသူများ၊ အကောင်အထည်ဖော်ရန် အဆုံးအဖြတ်ပေးကြရမည့်သူများအနေဖြင့် နိုင်ငံအတွက် မည်သည်က ပိုအရေးကြီးသည်၊ မည်သည်က ဦးစားပေးဖြစ်သည် ဆိုသည်တို့ကို အလေးအနက်ထားကာ ရေရှည်မြော်မြင်တွက်ချက် ဆုံးဖြတ်နိုင်မည်ဟု မျှော်လင့်ယုံကြည်ထားပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစု ပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး “စည်းလုံး ညီညွတ်စွာ” ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## ကျောက်မဲ၌ ကျေးလက်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**သီပေါ ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကျောက်မဲကြီးကျေးရွာအုပ်စု အသက် ၁၈ နှစ်ပြည့်ပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော ဒေသခံကျေးလက်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက်က မြို့နယ်ရုံး၌ ကျင်းပရာ မြို့နယ်လဝကဦးစီးမှူး ဦးသန်းဌေးက မှတ်ပုံတင်ပြုလုပ်ပြီးစီးမှုနှင့် ကတ်ပြားကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် ပြောကြားသည်။

ကျောက်မဲကြီးကျေးရွာအုပ်စုမှ ဒေသခံ ၈၆ ဦးတို့အား မြို့နယ်ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ရာ မြို့မိမြို့ဖ ဦးစိုင်းနော်ခမ်းနှင့် ဦးမျိုးညွန့်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ကျန်းမာရေးအတွက် သတင်းအချက်အလက် လုပ်ငန်းအစပျိုးဆောင်ရွက်မှု တွေ့ရှိချက်များနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအင်းများဖြန့်ဝေခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ကျန်းမာရေးအတွက် သတင်းအချက်အလက်လုပ်ငန်း အစပျိုးဆောင်ရွက်မှု တွေ့ရှိချက်များနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအင်းများ ဖြန့်ဝေခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။




အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အမှာစကားပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီးက မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်း စနစ်မှရရှိသော အချက်အလက်များသည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ၊ လူမှုဝန်ဆောင်မှုများ အပါအဝင် ကဏ္ဍပေါင်းစုံလုပ်ငန်းများအတွက် အရေးပါပြီး အခြေခံကျ၍ မဟာဗျူဟာများ ချမှတ်ရေးဆွဲရန်နှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အသုံးဝင်ကြောင်း။

လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များ မူလဦးတည်ရာ ရည်ရွယ်ချက် လမ်းကြောင်းပေါ်တွင် မှန်ကန်တည့်မတ်မှု ရှိ မရှိကို လေ့လာဆန်းစစ်နိုင်ရန်အတွက်လည်း အရေးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများတွင် မှန်ကန်တိကျပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သည့် စာရင်းဇယားနှင့် သတင်းအချက်အလက်စနစ် ဖြစ်စေရေးကို အထူးအလေးပေးဆောင်ရွက်ကြကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မှန်ကန်တိကျပြီးအချိန်နှင့် တစ်ပြေးညီဖြစ်သည့် စာရင်းဇယားနှင့် သတင်းအချက်အလက်များ ရရှိပါက နေရာဒေသအလိုက်ဖြစ်ပွားမှု များပြားသည့် ရောဂါများ၊ သေဆုံးမှုများပြားလျက်ရှိသည့် ရောဂါများအတွက် ဆေးနှင့် ဆေးပစ္စည်းများ ပိုမိုသတ်မှတ်ဝယ်ယူခြင်း၊ လူအင်အားနှင့် ဘဏ္ဍာငွေများ ပိုမိုခွဲဝေ အသုံးပြုခြင်းအပါအဝင် ရောဂါကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည့် လုပ်ငန်းစဉ်များအား တိကျမှန်ကန်စွာ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့မှ (၂၀၁၆) ခုနှစ် ဧပြီလ ၁၉ ရက် အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၆ ဖြင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် Bloomberg Data for Health Initiative တို့ ပူးပေါင်းပြီး D4H စီမံချက်မှ မဟာဗျူဟာလုပ်ငန်းစဉ် (၆)ရပ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်း၊ သေဆုံးကြောင်း ဖော်ပြသော ဆေးမှတ်တမ်းများ အရည်သွေးမြှင့်တင်ရေးနှင့် ပြည်သူလူထုအတွင်း သေဆုံးရသောအကြောင်းရင်းများကို နှုတ်ဖြင့်စစ်ဆေးဖော်ထုတ်မှတ်တမ်းတင်ခြင်း လုပ်ငန်းများကို သင့်တော်သည့် အဆင့်တစ်ခုအထိ ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**သတင်းစဉ်**

## နောင်တရားမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးရေး စစ်ဆေး

**နောင်တရား ဇန်နဝါရီ ၃၁**

ပင်လောင်းမြို့နယ် နောင်တရားမြို့၌ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံအလုပ်ရုံများတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် နောင်တရားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးစီးမှူး ဦးခွန်မောင်ကြီးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ခံအောင်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၃၁ ရက်က စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ စက်ရုံအလုပ်ရုံများအား စစ်ဆေးခြင်း၊ ပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးအတွက် လိုအပ်သောပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ထားရန်တို့ကို ဆွေးနွေးခဲ့သည်။

**ခွန်အောင် (နောင်တရား)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာတပ်နယ်တွင် တပ်မတော်(ကြည်း)၊ (လေ)၊ အမြောက်နှင့်သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# တပ်မတော်(ကြည်း)၊ (လေ)၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၃၁

**တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေး စွမ်းပကားမြင့်မားစေရန်ရည်ရွယ်၍ မိတ္ထီလာတပ်နယ်တွင် တပ်မတော်(ကြည်း)၊ (လေ)၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းကို ယနေ့ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား လေ့ကျင့်ခန်းတွင်ပါဝင်သည့် လေ့ကျင့်ရေးခေါင်းဆောင်က လေ့ကျင့်ခန်းအကြောင်းအရာနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လေ့ကျင့်ခန်းတွင် ပါဝင်လုပ်ဆောင်ကြသည့် ခြေလျင်နှင့် သံချပ်ကာတပ်ဖွဲ့များသည် နောက်ပိုင်းဌာနချုပ်မှ ရှေ့တန်းတိုက်ပွဲဝင်နေရာများသို့ သတ်မှတ်နေရာနှင့် လမ်းကြောင်းများအတိုင်း တိုက်ပွဲဝင်ပုံစံ ချီတက်တပ်ဖြန့်မှုများ ဆောင်ရွက်ကြသည်။

### ရန်သူကို ချေမှုန်းတိုက်ခိုက်

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း လေကြောင်းချီတပ်ဖွဲ့များနှင့် အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များက သတ်မှတ်ရည်မှန်းချက်နေရာများအား စီးနင်းတိုက်ခိုက်ခြင်း၊ တပ်မတော်(လေ)မှ လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များက ပစ်မှတ်အသီးသီးအား ပစ်ခတ်ချေမှုန်းခြင်း၊ အမြောက်ကြီးများ၊ အတွဲလိုက် ဒုံးများဖြင့် ပစ်မှတ်များအား ပစ်ခတ်ချေမှုန်းခြင်း၊ ခြေလျင်အကူလက်နက်ကြီးများဖြင့် အနီးကပ်ပစ်ခတ်ချေမှုန်းခြင်း၊ ခြေလျင်နှင့် သံချပ်ကာပူးပေါင်းတပ်ဖွဲ့များက ရန်သူကို ချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးကို သိမ်းပိုက်ခြင်းများကို လေ့ကျင့်ဆောင်ရွက်ကြသည်။

ယင်းနောက် တိုက်ပွဲတွင်ထိခိုက်ဒဏ်ရာရရှိသူများကို အရေးပေါ်လူနာတင်ယာဉ်များဖြင့် သယ်ဆောင်ခြင်း၊ အရေးကြီးလူနာများကို ရဟတ်ယာဉ်များဖြင့် သယ်ဆောင်ခြင်း၊ မိမိတပ်များအတွက် လေကြောင်းမှ ခဲယမ်း၊ ရိက္ခာချပေးခြင်း စသည့်လေ့ကျင့်ခန်းများကို အပြီးသတ်ဆောင်ရွက်ကြသည်။

### ကြိုတင်ပြင်ဆင်လေ့ကျင့်

လေ့ကျင့်မှုများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တာဝန်ရှိသူများနှင့် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား အမှာစကားပြောကြားရာ၌ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် တစ်နိုင်ငံတည်းဆောင်ရွက်သည့် စစ်ရေးလေ့ကျင့်ခန်းများရှိသကဲ့သို့ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးတွဲ၊ ပူးပေါင်း၍ လေ့ကျင့်ခြင်းများလည်း ဆောင်ရွက်ကြကြောင်း၊ မိမိတို့ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိရာတွင် ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍မရဘဲ ကြိုတင်ပြင်ဆင် လေ့ကျင့်ခြင်းများကို ဆောင်ရွက်ရကြောင်း။

ခေတ်သစ်စစ်ပွဲများတွင် လေကြောင်းစွမ်းပကားနှင့် အီလက်ထရွန်နစ် နည်းပညာသာလွန်သည့်သူများသာ စစ်ပွဲကိုအောင်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ထို့အတူ လေကြောင်းရန်ကာကွယ်ရေး စွမ်းပကားသည်လည်း ခေတ်သစ်စစ်ပွဲများတွင် အရေးပါကြောင်း၊ ထို့အပြင်အသုံးပြုသည့် လက်နက်ခဲယမ်းများ ကောင်းမွန်မှု၊ ထိရောက်မှု၊ အကွာအဝေးတိကျမှုများသည် အရေးကြီးသဖြင့် သက်ဆိုင်ရာတပ်ဖွဲ့များမှ အမြဲတမ်းသုတေသနပြု ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆိုပါ လက်နက်ခဲယမ်းများအား ကျွမ်းကျင်စွာ အသုံးပြုပစ်ခတ်နိုင်ရန်အတွက် တပ်မတော်တစ်ရပ်လုံးအနေဖြင့် လေ့ကျင့်မှုအမျိုးမျိုးကို အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ထို့ကြောင့် မိမိမှ တပ်မတော်တစ်ရပ်လုံး အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေရန် အတွက် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ကြရမည်ဟူသော ဆောင်ပုဒ်ကို သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်း မှာကြားသည်။

### ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့သည့် ခြေလျင်နှင့် အကူလက်ရုံးတပ်များမှ အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ လေ့ကျင့်ခန်းသို့ ပြည်တွင်းသတင်းမီဒီယာများလည်း တက်ရောက်သတင်းရယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက သတင်းမီဒီယာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

◆ ရှေ့ဖုံးမှ

ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး Brand Name ၊ Capacity ၊ ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့်နိုင်ငံ၊ စက်၏ သုံးစွဲသည့် စွမ်းအင်/လောင်စာတို့ကို ဖော်ပြလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

### ခေတ်မီနည်းပညာဖြင့်ထုတ်လုပ်သောစက်ပစ္စည်း

သတ်မှတ်ချက်များတွင် အသုံးပြုနိုင်သည့် စက်အရည်အသွေးသည် ၈၀ ရာခိုင်နှုန်းထက်မနည်းသော အရည်အသွေး၊ အသုံးပြုပြီး စက်ပစ္စည်းတင်သွင်းရန်အတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်၊ အသုံးပြုပြီးစက်ပစ္စည်း၏ ပြည်ပနိုင်ငံတွင် Running Condition နှင့် ပတ်သက်၍ ဆိပ်ကမ်းဆိုက်ရောက်သည့် ရက်မတိုင်မီ ၆ လအတွင်း စစ်ဆေးထားသော Pre- shipment Inspection Certificate တင်ပြရမည်ဖြစ်ပြီး စက်မှုဖွံ့ဖြိုးပြီးသည့် နိုင်ငံမှ ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်သော စက်ပစ္စည်းဖြစ်ရမည်ဖြစ်သည်။

### ထောက်ခံချက်ပါရှိရမည်

ထို့ပြင် အမှန်တကယ် အသုံးပြုမည့် လုပ်ငန်းဖော်ပြချက်၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲ စာချုပ်၊ စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်းများအရ သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီခြင်းရှိစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်တို့လည်း ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

### စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးသွားမည်

တင်သွင်းလာသော အသုံးပြုပြီးစက်ပစ္စည်းများကို တင်သွင်းလိုင်စင်ပါ လျှောက်ထားချက်များနှင့် ကိုက်ညီမှုရှိ/မရှိကို လိုအပ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရပြီး စစ်ဆေးချက်အရ သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီခြင်းမရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

### နှစ်စဉ် ပြန်လည်သုံးသပ်ထုတ်ပြန်သွားမည်

သို့သော် အသုံးပြုသည့် ခုနှစ် ၁၀ နှစ်ထက် ကျော်လွန်နေသော်လည်း ပြည်တွင်း အသေးစား/အလတ်စားလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် အရည်အသွေးမြင့် အသုံးပြုပြီး စက်ပစ္စည်းများဖြစ်ပါက အထူးကိစ္စတစ်ရပ်အနေဖြင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်နှင့်အတူ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး အသုံးပြုပြီးစက်ပစ္စည်းများ တင်သွင်းခွင့်ပြုသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် သတ်မှတ်ချက်များကို နှစ်စဉ်ပြန်လည်သုံးသပ်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဥရောပသမဂ္ဂသံအမတ်ကြီး H. E. Mr. Kristian Schmidt အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဥရောပသမဂ္ဂ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H. E. Mr. Kristian Schmidt အား ယနေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မအစီအစဉ်တို့ကို ထုတ်ပြန်နိုင်ရေး၊ မြန်မာနိုင်ငံအတွင်း ပလတ်စတစ် ညစ်ညမ်းမှုများ ဖြေရှင်းနိုင်ရေးအတွက် ဥရောပသမဂ္ဂ၏ ကူညီပံ့ပိုးမှုကိုရယူနိုင်ရေး၊ အိုင်ချီ ၂၀၂၀ ရည်မှန်းချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး ရည်မှန်းချက်များ အချိန်မီပြီးမြောက်အောင်မြင်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း IFES မှ Vice President အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် International Foundation for Electoral Systems (IFES) မှ Vice President Mr. Michael Svetlik အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IFES ၏ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ခြင်းကြောင့် ကွန်ပျူတာစနစ်မဲစာရင်းပြုစုနိုင်ခဲ့မှု၊ နိုင်ငံတကာရွေးကောက်ပွဲများ သွားရောက်လေ့လာနိုင်ခဲ့မှု၊ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တွင် အသစ်ဖွဲ့စည်းခဲ့သည့်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများပို့ချပေးနိုင်ခဲ့မှု၊ မဟာဗျူဟာစီမံကိန်းများနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာ မူဝါဒများရေးဆွဲနိုင်ခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် IFES အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း International Foundation for Electoral Systems (IFES) မှ Vice President Mr. Michael Svetlik အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နယ်စပ်ဒေသအသီးသီးမှ လူငယ်မောင်မယ်များအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ ဖိတ်ကြားချက်အရ နေပြည်တော်တွင် ဆဋ္ဌမအကြိမ်မြောက် လေ့လာရေးရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ လေ့လာရေးအဖွဲ့များအား ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးမှ တာဝန်ရှိသူများနှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။





**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဆဋ္ဌမအကြိမ်မြောက် လေ့လာရေးရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ လေ့လာရေးအဖွဲ့များအား အမှာစကားပြောကြားစဉ်။** သတင်းစဉ်

### ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ပွားများ

ရှေးဦးစွာပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် နေထိုင်ကြသော လူငယ်မောင်မယ်များကို ၂၀၁၆ ခုနှစ်မှစတင်ပြီး နေပြည်တော်သို့ အလှည့်ကျစနစ်ဖြင့် ဖိတ်ခေါ်၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို လေ့လာရေးဆောင်ရွက်ပေးလျက်ရှိရာ ယခုလေ့လာရေးလာရောက်ကြသည့် ဆဋ္ဌမအကြိမ်အပါအဝင် တိုင်းရင်းသားမောင်မယ် ၆၇၀ ကို လေ့လာရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မောင်မယ်တို့အနေဖြင့် လေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံကောင်းများကိုအခြေခံ၍ မိမိတို့၏နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာ ပြန်လည်အသုံးချစေလိုကြောင်း၊ လေ့လာရေးခရီးစဉ်အတွင်း တွေ့ဆုံကြသည့် တိုင်းရင်းသားအချင်းချင်း တစ်အူထုံ့ဆင်းညီရင်းအစ်ကို၊ မောင်ရင်းနှမများပမာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ချစ်ခင်မှု၊ ယုံကြည်မှုတို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ပွားများရင့်သန်လာစေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရန်ခက်ခဲသည့် နယ်စပ်ဒေသနေ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ပြည်နယ်ပြည်မ တောင်တန်းဒေသများမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာနယ်စပ်ဒေသနေ တိုင်းရင်းသားများအားလုံး ညီညွတ်မျှတသည့်အကျိုးခံစားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသဖြင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုအားကိုရယူပြီး အမျိုးသားရေးစိတ်ဓာတ်အခြေခံကာ ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မောင်တို့မယ်တို့သည် နုပျိုလန်းဆန်းတက်ကြွသည့် လူငယ်၊ လူရွယ်များဖြစ်ပြီး "ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟူသည့် စကားအတိုင်း နောင်တစ်ချိန်တွင် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏ ကြီးလေးသောတာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့် လူငယ်များဖြစ်သည့်အတွက် ယခုကတည်းက နိုင်ငံ့သားကောင်း/သမီးကောင်းများဖြစ်အောင်၊ ထူးချွန်ထက်မြက်သူများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

### အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များကိုယ်စား တိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ၎င်းတို့၏ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နိုင်ဂျီးရီးယား သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Ahmed Nuhu Bamalli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့် နိုင်ဂျီးရီးယား နှစ်နိုင်ငံအကြား ၁၉၇၀ ခုနှစ်ကစတင်ခဲ့သည့် သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရှင်သန်ခိုင်မာရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ရေး၊ စက်သုံးဆီ၊ သတ္တု၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ထုတ်လုပ်မှုကဏ္ဍများတွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရချင်း၊ ပုဂ္ဂလိကကဏ္ဍချင်း ညှိနှိုင်းဖလှယ်ဆောင်ရွက်ရေး၊ အလားအလာရှိသော ကဏ္ဍများတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ဈေးကွက်ရှာဖွေကာ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Ahmed Nuhu Bamalli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၃၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မိုး/ဇလ

❐ *ကျောဖုံးမှ*

နိုင်ရန်အတွက် ဒုတိယအကြိမ် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၃)ချက် ချမှတ်ခဲ့ရာ ထိုဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ(၁၄)ခုတို့က အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင်လည်း ၂၀၁၈ ခုနှစ်၊ မေလ (၇)ရက်နေ့တွင် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအပေါ် ပြန်လည်သုံးသပ်ထားသည့် အားနည်းချက်/အားသာချက် (၁၁)ချက်တွင် အားနည်းချက်များကို ပြုပြင်သွားပြီး အားသာချက်များကို ပိုမိုကောင်းမွန်အောင် မိမိတို့ အတွေ့အကြုံများအပေါ် အခြေခံ၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း။

## ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူ

ပြည်ထောင်စုနေ့အခမ်းအနားကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး အမြန်ရရှိရေးတို့အတွက် အဓိကထား၍ ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အဓိကမှာ "ပြည်ထောင်စုစိတ်ဓာတ်ပင်" ဖြစ်ပါကြောင်း၊ "ပြည်ထောင်စုစိတ်ဓာတ်"ကို ခေတ်အလိုက် အဓိပ္ပာယ်ဖွင့်ဆိုကြပါကြောင်း၊ ယခင်က ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ "ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားရန် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်"ဟု ဖွင့်ဆိုခဲ့ပါကြောင်း။

## စုပေါင်းနေထိုင်သည့် စိတ်ဓာတ်ဖြစ်

ယနေ့ ပြောင်းလဲလာသော ခေတ်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနက ရေးသားထုတ်ပြန်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ "ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်သည့် တစ်စည်းတစ်လုံးတည်းသော စိတ်ဓာတ်ဖြစ်သည်။" ၎င်းအပြင် "ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်ကြသည်ဖြစ်စေ ပြည်ထောင်စုကြီးအတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြသည့် တစ်မိသားစုတည်းဖြစ်သည်ဟူသော ခံယူချက်သည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည် ဟုလည်း ဖော်ပြထားပါကြောင်း၊ သို့ဖြစ်ပါ၍ အနှစ်ချုပ်အားဖြင့်ပြောရလျှင် "ပြည်ထောင်စုစိတ်ဓာတ်၏"အဓိကအချက်မှာ"ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက်၊ အေးအတူ ပူအမျှ၊ မရှိအတူ ရှိအတူ အတူတကွ တစ်စည်းတစ်လုံးတည်း စုပေါင်းနေထိုင်သည့် စိတ်ဓာတ်" ဖြစ်ပါကြောင်း။

## အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ပြီး ပြည်မနှင့် တောင်တန်းဒေသတို့ တစ်ပြိုင်တည်း လွတ်လပ်ရေးရရှိစေရန် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပခဲ့ပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လက်မှတ်ရေးထိုးကာ လွတ်လပ်ရေးကို အရယူခဲ့ပါကြောင်း၊ တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာ ဖော်ကျူးပြသနိုင်ခဲ့သည့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့်နေ့ကို "ပြည်ထောင်စုနေ့" အဖြစ် သတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၇၂)နှစ် ရောက်ခဲ့ပြီဖြစ်ပါကြောင်း။

## ငြိမ်းချမ်းရေးရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိ

ပင်လုံညီလာခံ၏ ရလဒ်ကြောင့် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရရှိကာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပါကြောင်း၊ ယနေ့တွင်လည်း နိုင်ငံတော်အတွက် အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ရရှိရန် ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း၊ ပင်လုံညီလာခံ၏ ရလဒ်ကို နမူနာယူပြီး ပင်လုံစိတ်ဓာတ်ဖြင့် စိတ်ရှည်ဇွဲရှိစွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေးပန်းတိုင်ကို အနေးနှင့်အမြန် ရောက်ရှိနိုင်မည်ဟု ယုံကြည်လျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးရမှ မိမိတို့နိုင်ငံ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဆိုတာကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

## လုပ်ငန်းတာဝန်များကို အကွက်စေ့အောင် ဆောင်ရွက်သွားရန်လို

တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးရရှိခဲ့ကြောင်းကို နောင်လာနောက်သားများ သိရှိစေရန် အတွက်မူ ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အသက်တမျှ တန်ဖိုးထားရန် ရည်ရွယ်ပါကြောင်း၊ ဤအခမ်းအနားသည် နှစ်စဉ်ကျင်းပသည့် နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သဖြင့် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အကွက်စေ့အောင် ဆောင်ရွက်သွားရန် လိုပါကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် အမျိုးသားရေးဦးတည်ချက်(၅)ရပ်၏ အနှစ်သာရကို ပြည်သူများ သိရှိနားလည်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းအားလုံးမှ ပြန်ကြား၊ ဖျော်ဖြေ၊ ပညာပေး အစီအစဉ်အမျိုးမျိုးဖြင့် တင်ဆက်ထုတ်လွှင့်နိုင်ရေးနှင့် လက်ရှိကာလ ပြည်ထောင်စုအစိုးရအဖွဲ့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ပေါ်လွင်စေသည့် နောက်ခံရုပ်ပုံများကိုလည်း ထည့်သွင်းဖော်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## ကြိုတင်ပြင်ဆင်ထားရန် လိုအပ်

ထို့ပြင် အခမ်းအနားသို့လာရောက်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများနှင့် ပါတီခေါင်းဆောင်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များ တည်းခိုနေထိုင်မည့်နေရာများတွင် စားသောက်နေထိုင်ရေးနှင့် သွားလာမှု အဆင်ပြေစေရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် အခမ်းအနားအားလုံးအတွက် A Plan အပြင် B Plan ကိုပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး လစ်ဟာမှုမရှိစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များရှိပါက စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြ

ယခုအစည်းအဝေးသည် ဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ပြီးခဲ့သည့် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုအခြေအနေများနှင့် အခက်အခဲများ ရှိပါကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

## အစီအစဉ်များ ရှင်းလင်းတင်ပြ

ဆက်လက်၍ အလံတင်အခမ်းအနား စီစဉ်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်က လည်းကောင်း၊ လုံခြုံရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူက လည်းကောင်း၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လည်းကောင်း၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လည်းကောင်း၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းကလည်းကောင်း၊ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယဗိုလ်မှူးကြီး တင်မောင်လွင်က လည်းကောင်း၊ မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မိုးက လည်းကောင်း၊ ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက လည်းကောင်း၊ ကျန်းမာရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက လည်းကောင်း၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇရတ်ဆင်းကလည်းကောင်း၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက လည်းကောင်း၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က လည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြည်ထောင်စုနေ့အခမ်းအနားသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားခေါင်းဆောင်များ တက်ရောက်ရန် ဖိတ်ကြားသွားမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သွန်မ်ဆင်ရိုက်တာသတင်းဌာနမှ ဥပဒေအကြံပေးအရာရှိချုပ် (Chief Counsel) Ms. Gail Gove နှင့် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများဆိုင်ရာ ဗျူရိုအကြီးအကဲ Mr. Matthew Tostevin တို့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သွန်မ်ဆင်ရိုက်တာသတင်းဌာနမှ အထက်တန်းအရာရှိကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် သွန်မ်ဆင်ရိုက်တာ (Thomson Reuters) သတင်းဌာနမှ ဥပဒေအကြံပေးအရာရှိချုပ် (Chief Counsel) Ms. Gail Gove နှင့် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများဆိုင်ရာ ဗျူရိုအကြီးအကဲ Mr. Matthew Tostevin တို့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လက်ရှိသတင်းမီဒီယာကဏ္ဍ အခြေအနေနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ဖလှယ်နိုင်ခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်စာအုပ်လမ်း ပြန်လည်ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် စတင်၍ Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို စာအုပ်ဆိုင်များနှင့် အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များ အပါအဝင် စုစုပေါင်း ဆိုင်ခန်း ၁၀၀ ခန့်ဖြင့် ပြန်လည်ရောင်းချ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းဖွင့်ပွဲ အထိမ်းအမှတ်အနေဖြင့် စာအုပ်လမ်းသို့ လာရောက်မည့်စာဖတ်သူများအား တစ်ဦးလျှင် တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာ ၁၀၀၀ ကို စနေ-တနင်္ဂနွေ မွန်းတည့် ၁၂ နာရီနောက်ပိုင်းတွင် ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

စာအုပ်တိုက်အချို့ ပေါင်းစု၍ ၅၀ ရာခိုင်နှုန်းလျှော့ဈေး အထူးအစီအစဉ်ပါဝင်မည်ဖြစ်ပြီး စာပေဟောပြောပွဲ၊ စာပေစကားဝိုင်း၊ စာပေပဟေဠိ၊ ကာတွန်းဆရာများ၏ ကယ်ရီကေးရှားရေးဆွဲခြင်း စသောအစီအစဉ်များ ပါဝင်ကြမည်ဖြစ်ရာ စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူများအားလုံး ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းသို့ ကြွရောက်အားပေးနိုင်ပါရန် ဖိတ်ကြားထားသည်။ Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို စနေ-တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်းတွင် အပတ်စဉ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❋ *ကျောဖုံးမှ*

ဖြစ်ပါတယ်။ ဒီတံတားတည်ဆောက်ခြင်းဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မှ (မြောက်ပိုင်း)မြို့နယ်များနှင့် ဆက်စပ်မြို့နယ်များကိုပါ သွားလာနိုင်တဲ့အပြင် ဒဂုံတံတားကြီးကနေပြီး သန်လျင်၊ ကျောက်တန်း၊ ခရမ်း စသည့်မြို့နယ်များကိုပါ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်တဲ့အတွက် ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးများ ပိုမိုဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ အဲဒီအပြင် ရန်ကုန်မြို့တွင်းမှာ ဖြစ်ပေါ်နေတဲ့ ယာဉ်ကြောကျပ်တည်းမှုများကိုလည်း အတန်သင့်ဖြေလျှော့ပေးသွားနိုင်လိမ့်မည်"ဟု မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ဘိုးပိုင်ထိပ်အုပ်နှင့် သံကူကွန်ကရစ်တိုင်ကန့်လန့်ရက်မဖြစ်သည်။ ပင်မတံတား၏ အရှည်သည် ၂၅၈ မီတာရှိပြီး တံတားအကျယ်သည် ၁၁ ဒသမ ၅ မီတာရှိကာ နှစ်လမ်းသွားလမ်းဖြစ်သည်။ သဃ်န်းကျွန်းဘက်ခြမ်း ချဉ်းကပ်လမ်းအရှည်သည် ၇၅ မီတာရှိကာ ဒဂုံမြို့သစ်(တောင်ပိုင်း)ဘက်ခြမ်း ချဉ်းကပ်လမ်းအရှည်သည် ၄၄ မီတာ ရှိသည်။ လမ်း၏ တစ်ဖက်တစ်ချက်စီတွင် အကျယ် ၁ ဒသမ ၅ မီတာရှိ လူသွားလမ်း ပလက်ဖောင်းများပါရှိကာ တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းစီ တန် ၆၀ ဖြစ်သည်။ ရေလမ်းကင်းလွတ်ခွင့်အမြင့်သည် ၅ ဒသမ ၅ မီတာရှိပြီး ရေလမ်းကင်းလွတ်ခွင့်အကျယ်သည် ၅၄ မီတာရှိသည်။ တံတားတည်ဆောက်ရေးကာလသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် ဩဂုတ်လအထိဖြစ်ပြီး ကုန်ကျမှုစရိတ်မှာ ကျပ်သန်း ၅၈၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ပိုင်ဖြိုး**

# ပြည်ထောင်စု ခွန်အားဖြင့် ဖြည့်ဆည်းရမည့် ပြည်သူတို့၏ ဆန္ဒနှင့် ဦးတည်ချက်များ

ဒေါက်တာ မြတ်မိုး

မြန်မာ့သမိုင်းတွင် အခြားသောနေ့ထူးနေ့မြတ်များနည်းတူ အရေးကြီးသောနေ့တစ်နေ့၊ ပြည်ထောင်စုနေ့အဖြစ် အဓိပ္ပာယ်ပြည့်ဝသော ဦးတည်ချက်များနှင့်အတူ နှစ်စဉ်သတ်မှတ်ထားသော ရက်တစ်ရက်မှာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဖြစ်သည်။

### (၇၂) နှစ်ပြည့် ပြည်ထောင်စုနေ့

မြန်မာနိုင်ငံတစ်နိုင်ငံလုံး၊ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံးနှင့် တစ်စုတစ်စည်းတည်း ရှိခဲ့ကြသကဲ့သို့ အလားတူ တိုင်းရင်းသားညီအစ်ကိုများပြန်လည်သွေးစည်းညီညွတ်မည့် နေ့ရက်၊ နည်းလမ်းများကို ယနေ့တိုင် အဖြေရှာကြံနေကြဆဲ ဖြစ်ပါသည်။

လွတ်လပ်ရေးအတွက် နယ်ချဲ့နှင့် ဖက်ဆစ်တို့ကို တော်လှန်ရာတွင် တစ်နိုင်ငံလုံး ညီညီညွတ်ညွတ်ရှိခဲ့ကြသည်။ နယ်ချဲ့တို့ကို နောက်ဆုံးတွန်းလှန်ရာတွင်လည်း တောင်တန်းမြေပြန့်မခွဲခြားဘဲ မြန်မာ့လွတ်လပ်ရေးကို ရအောင်ယူနိုင်ခဲ့ကြသည်။ နယ်ချဲ့တို့ အမျိုးမျိုးသွေးခွဲခဲ့ကြသည်ကိုပင် အတိတ်ကာလက တိုင်းရင်းသားတို့ နားမယောင်ခဲ့ကြ၊ လွတ်လပ်ရေးပေးလျှင် တောင်တန်းဒေသများကို ချန်ထားခဲ့မည့် အစီအစဉ်ကို တိုင်းရင်းသားတို့ လက်မခံခဲ့ကြ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြည်မနှင့် တောင်တန်း ပူးပေါင်းမှုဖြင့် ပင်လုံညီလာခံက တည်ဆောက်နိုင်ခဲ့ကြပြီး ပင်လုံစာချုပ်ဖြင့် လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့သည်မှာ (၇၂) နှစ်ပြည့်တော့မည် ဖြစ်ပါသည်။

### ခေါင်းဆောင်မှုကဏ္ဍ

ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်ပွဲများ ကျင်းပသည်ထက်တော့ ပိုမိုအဓိပ္ပာယ်ပြည့်ဝသော၊ သန္နိဋ္ဌာန်ချမှတ်ထားသော ဦးတည်ချက်များကို အပြည့်အဝကြိုးစား အကောင်အထည်ဖော်နိုင်ရန်အတွက်မူ အလေးထားရမည် ဖြစ်ပါသည်။ ဤလိုရက်မျိုးတွင် ဘုံရည်မှန်းချက်တစ်ခုဖြစ်သော လွတ်လပ်ရေးရရှိရန်အတွက် ခိုင်မာသော ဦးဆောင်မှုကို ပေးခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အမျိုးသားခေါင်းဆောင်များ၏ ခေါင်းဆောင်မှုပညာကို အထူးအတုယူသင့်ပါသည်။ အမြော်အမြင်ကြီးမားသော၊ ပရိယာယ်မပါ ရိုးသားဖြောင့်မတ်သော ခေါင်းဆောင်မှုမျိုးသည် ပြည်သူပြည်သားများ၊ တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၏ စုစည်းညီညွတ်မှုကို များစွာအထောက်အပံ့ဖြစ်စေပါသည်။ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ခရီးရှည်ကြီးကို လျှောက်လှမ်းရာတွင် အတ္တကို ရှေ့တန်းမတင်ဘဲ အများအတွက် ရှေးရှုရပ်တည်နိုင်သည့် သတိဉာဏ်ပညာနှင့် ပြည့်စုံသော ခေါင်းဆောင်မှုကဏ္ဍသည် အထူးအရေးပါသော ကဏ္ဍတစ်ခုဖြစ်ပါသည်။

### ဦးတည်ချက်များ၏ အနှစ်သာရ

တစ်နှစ်ပြီး တစ်နှစ် ဖြတ်သန်းနေသည့် ပြည်ထောင်စုနေ့ ရက်စွဲများနှင့်အတူ ပိုပြီးအနှစ်သာရ ပြည့်ဝသော ညီညွတ်ရေးဖြစ်ရန်သည် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်ဖြစ်ပါသည်။ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အတူတကွ လက်တွဲနေထိုင်နိုင်ရေးတစ်နည်း အမျိုးသားညီညွတ်ရေးသည် ပြည်ထောင်စု၏ အဓိကအနှစ်သာရတစ်ခုလည်း ဖြစ်ပါသည်။

အကျေအလည်ညှိနှိုင်းမှုများမှတစ်ဆင့် ပြည်ထောင်စုသဘောတူညီချက်များ အလျင်အမြန်ရရှိရေးသည် ယနေ့ကာလတွင် အရေးကြီးဆုံးဖြစ်သကဲ့သို့ ဦးတည်ချက်များတွင် ပါဝင်သည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအချက်များက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တန်းတူအရေးပါမှုအဖြစ် ထင်ဟပ်ပေါ်လွင်စေသည်ကို သတိပြုမိပါသည်။ ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းသည် အကျပ်အတည်းမှန်သမျှကို ရင်ဆိုင်ဖြေရှင်းရာတွင် အင်အားဖြစ်စေပါသည်။

### ယုံကြည်မှုတည်ဆောက်နိုင်ရန်လိုအပ်

စည်းလုံးညီညွတ်မှု မရှိခြင်း၏ မြစ်ဖျားခံရာသည် ယုံကြည်မှုပျောက်ဆုံးခြင်းမှ စတင်၍ တိုင်းရင်းသားအချင်းချင်းကြား၊ ပါဝင်သက်ဆိုင်သူ အရေးကြီးလူပုဂ္ဂိုလ်အဖွဲ့အစည်းများကြား ယုံကြည်မှုတည်ဆောက်နိုင်မှသာ တကယ့်အနှစ်သာရရှိသော ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် စစ်မှန်သောပြည်ထောင်စုကြီးကို ရရှိနိုင်ပါမည်။



ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ပင်လုံမြို့၌ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခဲ့စဉ်။

> "အကျေအလည်ညှိနှိုင်းမှုများမှတစ်ဆင့် ပြည်ထောင်စုသဘောတူညီချက်များ အလျင်အမြန်ရရှိရေးသည် ယနေ့ကာလတွင် အရေးကြီးဆုံးဖြစ်သကဲ့သို့ ဦးတည်ချက်များတွင် ပါဝင်သည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအချက်များက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တန်းတူအရေးပါမှုအဖြစ် ထင်ဟပ်ပေါ်လွင်စေသည်"

၂၀၁၉ ခုနှစ် (၇၂) ကြိမ်မြောက် ပြည်ထောင်စုနေ့ဦးတည်ချက်များသည် မြန်မာနိုင်ငံတွင် လက်ရှိတည်ဆောက်နေသော ဖက်ဒရယ်ဒီမိုကရေစီထူထောင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းအကောင်အထည်ဖော်နေမှုများ၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ထင်ဟပ်နေပါသည်။

### ငြိမ်းချမ်းတည်ငြိမ်လျှင်

ဦးတည်ချက်များပြည့်ဝရန် တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရန်သာ အရေးကြီးပါသည်။ နေရာဒေသအားလုံး ငြိမ်းချမ်းတည်ငြိမ်နေမှသာ ချမ်းသာကြွယ်ဝသော အသိုက်အဝန်းတစ်ခု ဖြစ်ပါမည်။ ဦးတည်ချက်များ ပြည့်မြောက်နိုင်မည့် လက်ရှိ အခြေအနေများကိုမူ ဤနေ့အခါသမယတွင် ပြန်လည်သုံးသပ်ရန် အခွင့်အလမ်းတစ်ခုအဖြစ် အလေးအနက်ထားစေချင်ပါသည်။ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး အနာဂတ်ကို အလေးအနက်ထားသည့် မဏ္ဍိုင်များဖြစ်သည်နှင့်အညီ အဖွဲ့အစည်းအားလုံး၏ အမြင်များကို ပိုမိုဖလှယ်ကြပြီး ထိထိရောက်ရောက်စေ့စပ်ညှိနှိုင်းဆွေးနွေးကြခြင်းဖြင့် တိုင်းရင်းသားအားလုံး၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းရမည့် အချိန်ကောင်းလည်း ဖြစ်ပါသည်။

### ပြည်တွင်းငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းတစ်ခု

ယခုအချိန်ကာလသည် အစိုးရ၊ ပြည်သူ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းအားလုံး စည်းလုံးညီညွတ်မှုစွမ်းအားကို အစွမ်းကုန်မြှင့်တင်ရမည့် ကာလ၊ ယင်းစွမ်းအားနှင့်အတူတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် အတူတူလျှောက်လှမ်းကြရမည့်ကာလ ဖြစ်ပါသည်။

စစ်မှန်သော ပြည်သူများသည် အုပ်စုကွဲ၊ ဂိုဏ်းကွဲအသံများနှင့် တိုင်းပြည် ကတိမ်းကပါးဖြစ်ခဲ့ရသည့် အတိတ်ဖြစ်ရပ်များ၊ အားပြိုင်မှုများကြောင့် သံသရာလည်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးအခြေအနေအပေါ် ပူပန်သောကရောက်နေကြရသည်။ တိုင်းပြည်ဒေသအချို့ကလွဲ၍ တိုက်ခိုက်မှုများ၊ ပဋိပက္ခများရပ်စဲနေသည့် အခြေအနေတွင် ညှိနှိုင်းဆွေးနွေးရန် အခွင့်အလမ်းများပေါ်ပေါက်နေသည်ကို ပြည်တွင်းငြိမ်းချမ်းရေးအတွက် အားသာချက်များအဖြစ် ရယူသင့်ပါသည်။

ယာယီပြေလည်မှုသည် ထာဝရပြေလည်မှုအတွက် လှေကားထစ်တစ်ခုတိုးမှုတစ်ခု ဖြစ်နိုင်သည်ဟု မြော်မြင်စေလိုပါသည်။ ပျော့ပျောင်းလာသည့် ဝန်းကျင်တွင် အမိအရခိုလှုံကာ ပိုမို ပျော့ပျောင်းသည့် သဘောထားများကို ပြသစေချင်ပါသည်။ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတစ်ခု တည်ထောင်ဖို့အတွက်ဆိုလျှင် ပြီးပြည့်စုံသော အပစ်အခတ်ရပ်စဲရေးအတွက် အဖွဲ့အစည်းအားလုံးက ပါဝင်သင့်ပါသည်။ ငြိမ်းချမ်းရေးအကြောင်းပြောလိုလျှင် ကျင်းပနေသော ငြိမ်းချမ်းရေး ညီလာခံများမှတစ်ဆင့် တက်တက်ကြွကြွ ပါဝင်သင့်ကြပါပြီ။

### ဒီမိုကရေစီ၏ အခြေခံသဘော

နိုင်ငံသားများသည် အမှန်တကယ် တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု၊ အုပ်စုဖွဲ့ ၊ ကိုယ့်လူ သူ့လူခွဲခြား အားပြိုင်မှုများနှင့် ကင်းသည့် ကျန်းမာသည့် လူ့ဘောင်တစ်ရပ်ကို လိုလားနေကြပါသည်။ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း မတူကွဲပြားမှုများကို ဒီမိုကရေစီ၏ အခြေခံသဘောအဖြစ် အားသာချက်တစ်ရပ်အဖြစ် အပြုသဘောအသုံးချနိုင်ပါက ဒေသတစ်ရပ်၊ လူ့အဖွဲ့အစည်းတစ်ရပ် နိုင်ငံတော်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိမှာလည်း ဖြစ်ပါသည်။ သို့သော် အယူအဆသဘောထား ခြားနားကွဲပြားမှုများကိုဆင်ခြင်တုံတရားမဲ့စွာဖြင့်ဒီမိုကရေစီဆန့်ကျင်ဘက်အသုံးချပါက စုစည်းညီညွတ်ရန်အတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်သွားနိုင်သည်ကို သတိပြုရပါမည်။ သို့မှသာ တိုင်းရင်းသားလူမျိုးများစွာဖြင့် စုစည်းတည်ဆောက်ထားသော နိုင်ငံတစ်နိုင်ငံအဖို့ လူမျိုးရေးတင်းမာမှုများ ဖြစ်ပေါ်မည့်အရေးမှ ရှောင်ကြဉ်ကာကွယ်နိုင်မည် ဖြစ်ပါသည်။

### အပေါင်းလက္ခဏာမျှော်လင့်ချက်များ

ကျင်းပပြီးစီးခဲ့သည့် ၂၁ - ရာစု ပင်လုံညီလာခံများတွင် အကောင်းမြင်ရပ်တည်ချက်များနှင့်အတူ အပြုသဘောဆောင်ရွက်ချက်များစွာ ပါရှိသည်ကို သိရှိကြပါသည်။ အပေါင်းလက္ခဏာဆောင်သော မျှော်လင့်ချက်များစွာနှင့်အတူ နောက်တစ်ဆင့်တက်လှမ်းနိုင်မည့် ခိုင်မာသော ခြေလှမ်းများကို ခင်းကျင်းထားပြီးဖြစ်၍ ၎င်းအခွင့်အရေးကို မလွတ်တမ်းအသုံးချနိုင်ရန်သာ လိုပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးညီလာခံနှင့် ဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်မည့် အကြမ်းဖျင်းလျာထားသော Time Frame များသည် ပြည်သူတို့၏ မျှော်လင့်ချက်များပင်ဖြစ်ပါသည်။ သီးသန့်ဆွေးနွေးပွဲများနှင့်အတူ အဖွဲ့များအကြား တရားဝင်တွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် အလွတ်သဘော ဆွေးနွေးပွဲများပြုလုပ်၍ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်မည့် အချိန်ဇယားရေးဆွဲခြင်း အစီအစဉ်များ၊ လက်ရှိနိုင်ငံရေးဆွေးနွေးမှုပုံစံများ၊ လက်မှတ်ရေးထိုးမထားသောအဖွဲ့များ ပူးပေါင်းပါဝင်နိုင်မည့် ကိစ္စရပ်များ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲမထွက်ရကိစ္စများ၊ တစ်ခုတည်းသော တပ်မတော်ထားရှိရေးမူများ ချမှတ်နိုင်ရန် ဆွေးနွေးနေကြခြင်းသည် အကျိုးရှိသည့်အတွက် ယခုကဲ့သို့ အလွတ်သဘောဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နိုင်ရန်လည်း ပြည်သူများ မျှော်လင့်လျက်ရှိကြပါသည်။

### စေ့စပ်ညှိနှိုင်းမှုစွမ်းပကား

ဆက်လက်ညှိနှိုင်းရန် အရေးကြီးအချက်များကျန်ရှိနေဆဲဖြစ်သော်လည်း အဆိုးမြင်မှုကို ပစ်ပယ်၍ အကောင်းမြင်ဘက်သို့ ဦးတည်သည့် ခံယူချက်ထားပါက ခိုင်မာသောမှတ်တိုင်တစ်ခုပြီးတစ်ခု စိုက်ထူနိုင်မည်ဖြစ်ပါသည်။ သို့သော် ခြေလှမ်းတစ်လှမ်းနှင့် တစ်လှမ်းအကြား၊ မှတ်တိုင် တစ်တိုင်နှင့်တစ်တိုင်ကြား၊ အခက်အခဲစိန်ခေါ်မှုများက အများအပြားရှိဆဲပင်။

ရှေ့တွင် ဆက်လက်ဖြစ်ပေါ်နိုင်မည့် ဖြစ်နိုင်ခြေများအတွက် ပကတိတည်ရှိမှုများမှတစ်ဆင့် လက်တွေ့ကျကျ စတင်နိုင်ရန်နှင့် အဖွဲ့အားလုံးပါဝင်နိုင်ရန် များစွာအရေးကြီးပါသည်။ နှောင့်နှေးကြန့်ကြာစေမည့် လက်ညှိုးထိုးအပြစ်တင်မှုများကို ရှောင်ရှားသင့်ကြပါသည်။ တစ်ဖွဲ့၏ အားသာချက်များကို အခြားတစ်ဖက်၏ အားနည်းချက်များနှင့် ချိန်ဆ၍စဉ်းစားအဖြေရှာခြင်းဖြင့် ရလဒ်ကောင်းများကို ရရှိစေပါသည်။ အင်အားစုအားလုံး၏ ဆုံမှတ်၊ ပန်းတိုင်သို့ ဆက်လက်ချီတက်မည့် စမှတ်၊ မူခြေတစ်ရပ်နှင့်အတူ အခြေခံမူများသည် မိမိလိုချင်သည့် ရည်မှန်းချက်အတွက် ကြီးစွာအထောက်အကူပြုသည်ဖြစ်၍ လိုက်နာရဲသည့် သတ္တိဖြင့် သဘောထားကြီးစွာ လိုက်နာနိုင်ကြဖို့သာ မျှော်လင့်မိပါသည်။

အဖွဲ့အစည်းတိုင်းသည် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ထားကြသည်ဟု ယုံကြည်၍ တွေ့ဆုံအဖြေရှာရေးလမ်းကြောင်းပေါ်တွင် သဘောတူညီချက်များ တိုးတက်ရရှိရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခက်အခဲအတားအဆီးများစွာကို ကျော်လွှားလွန်မြောက်နိုင်ပါမည်။ ငြိမ်းချမ်းမှုဖြစ်ပေါ်စေသည့် နည်းလမ်းများတွင် စိတ်ရှည်သည်းခံမှုများစွာ၊ စိတ်ရင်းစေတနာကောင်းများစွာ၊ ဂရုတစိုက်နားထောင်ပေးမှုများစွာဖြင့် မယုံကြည်မှု၊ ဒွိဟ၊ သံသယများလျှော့ချ၍ ဆွေးနွေးအဖြေရှာပါက အလွန်အားကြီးသော စေ့စပ်ညှိနှိုင်းဆွေးနွေးမှု Power Negotiation ဖြစ်စေပါသည်။ ငါစွဲ မကြီးမားသော၊ တရားသေဖက်တွယ်မထားသော ရပ်တည်ချက်များကသာ သူနိုင်ကိုယ်နိုင် ရလဒ်မျိုးများ ရရှိစေသည်ကို သတိချပ်ရပါမည်။

အချုပ်အားဖြင့် ပြည်သူနှင့် တိုင်းရင်းသားလူမျိုးအားလုံးသည် ငြိမ်းချမ်းရေးမှတစ်ဆင့် ရင့်ကျက်တည်ငြိမ်သော ပြည်ထောင်စုတစ်ခုကို ပုံဖော်လိုနေကြပေပြီ။ အယူအဆသဘောထားကွဲလွဲမှုကို လက်ခံပါသည်။ သို့သော် ကွဲပြဲကြမှာကိုတော့ စိုးရွံ့ကြသည်။ အမုန်းတရားနှင့် တင်းမာမှုများကို ကြောက်လန့်ကြသည်။ ငါစွဲ၊ ဝါဒစွဲ၊ အုပ်စုစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ အစွဲအမျိုးမျိုးဖြင့် ကျင်လည်နေသော ဘက်တစ်ဖက်တည်းတွေးတတ်သည့် ပတ်ဝန်းကျင်မျိုးကို မလိုချင်ကြတော့ပါ။

ထိုအစွဲတွေ ပျောက်မှလည်း ခိုင်မာသော ယုံကြည်မှုဖြင့် အတူလက်တွဲ နေနိုင်ကြမည်ဟု ခံယူထားကြ၍ ဖြစ်ပါသည်။ ထိုသို့သော ယုံကြည်ချက်၊ ခံယူချက်များနှင့်အတူ ကျွန်တော်တို့အပါအဝင် ပြည်သူပြည်သားအားလုံး ဒီမိုကရေစီစံနှုန်းကျင့်စဉ်များနှင့် ထိုက်တန်သော စိတ်နေစိတ်ထားများ၊ အသိဉာဏ်ပညာများ တိုးပွားစေရန်လည်းကောင်း၊ မာန်မာနများလျှော့ချပြီး အနာဂတ်မျိုးဆက်သစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်သန်၍လည်းကောင်း ဆက်လက်ကြိုးစားအားထုတ်နေကြရမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဒုတိယဝန်ကြီး
ဦးစိုးအောင်



ကလေးမဲဆန္ဒနယ်မှ
ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး

## အကြားအာရုံချို့ယွင်းမသန်စွမ်းသူများအတွက် အသိပညာပေးသင်တန်းများ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် စေတနာ့ဝန်ထမ်းများကို မွေးထုတ်ဆောင်ရွက်ပေးခဲ့

အစည်းအဝေးတွင် ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ **နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားရှိကြသည့် နားမကြားကျောင်းများရှိ ကျောင်းသူ၊ ကျောင်းသားများနှင့် ကျောင်းသို့ရောက်ရှိမလာသော ကလေးသူငယ်များ၊ အရွယ်ရောက်ပြီးသူများ၏ ဘဝရှေ့ရေးလုံခြုံချောမွေ့စွာရည်တည်နိုင်ရေးအတွက် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ ငွေကြေးနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုတို့ဖြင့် မြန်မာနိုင်ငံတွင်ရှိသည့် အကြားအာရုံချို့ယွင်း မသန်စွမ်းသူများအတွက် ၂၀၀၀ ခုနှစ်တွင် လက်သင်္ကေတပြ စကားပြောစာအုပ်ကိုထုတ်ဝေ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသိပညာပေးသင်တန်းများပေးခြင်း၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် စေတနာ့ဝန်ထမ်းများကို မွေးထုတ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထို့အပြင် ၂၀၁၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ တစ်နိုင်ငံလုံးတွင် နားမကြားသူ ၆၇၃၁၂၆ ဦး လူဦးရေ၏ ၁ ဒသမ ၃ ရာခိုင်နှုန်းရှိရာ နားမကြားသူအရေအတွက် အနည်းအများပေါ်မူတည်၍ လိုအပ်ချက်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နားမကြားကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး လျာထားလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(၂၀၁၆-၂၀၂၅) ကို ဦးတည်ကဏ္ဍ ၇ ရပ်ဖြင့် ရေးဆွဲထားရှိပြီး ယင်းမဟာဗျူဟာအား နှစ်အလိုက်လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အကြားအာရုံချို့ယွင်းနေသူများအပါအဝင် မသန်စွမ်းကျောင်းသူ၊ ကျောင်းသားများနှင့် ကျောင်းသို့ ရောက်ရှိမလာသည့် ကလေးသူငယ်များ၊ အရွယ်ရောက်ပြီးသူများ ဘဝရှေ့ရေး လုံခြုံချောမွေ့စွာရပ်တည်နိုင်ရေး၊ ပညာသင်ကြားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေးတို့အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်ပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေ တစ်ရပ်ထူထောင်နိုင်ရေးကို ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဇန်းမောက်မြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနရုံးနှင့် စံပြမူလတန်းကြိုကျောင်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်

ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုးက **ဇန်းမောက်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနရုံးနှင့် စံပြမူကြိုကျောင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် မြို့နယ်စံပြမူလတန်းကြိုကျောင်းအတွက် မြေနေရာရရှိရေး စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဇန်နဝါရီ ၁၀ ရက်က ထပ်မံညှိနှိုင်းထားရှိပြီးဖြစ်ပါကြောင်း၊ မြေနေရာအခက်အခဲရှိသည့် မြို့နယ်များတွင် ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်ရန်ပုံငွေဖြင့် ဝယ်ယူ၍ မူကြိုကျောင်းများ ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ ဇန်းမောက်မြို့နယ်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြေနေရာရရှိပါက အနီးဆုံး ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် မြို့နယ်စံပြမူကြိုကျောင်း ဆောက်လုပ်နိုင်ရန်အတွက် ထည့်သွင်းတောင်းခံ၍ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဆော့လော်နယ်စပ်မှ ခီဆီဒီကျေးရွာအထိ ၂၈ မိုင်အား မြေသားလမ်းဖောက်လုပ်ရန် ဒေသအတွင်းသို့ အသေးစိတ် နယ်မြေကွင်းဆင်းဆောင်ရွက်စေမည်ဖြစ်

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ဆော့လော်နယ်စပ်မှ ခီဆီဒီကျေးရွာအထိ ၂၈ မိုင်အား မြေသားလမ်းဖောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွန်းအောင်က ဝန်ကြီးဌာနအနေဖြင့် အကျိုးပြုသည့်ကျေးရွာ၊ အိမ်ထောင်စု၊ လူဦးရေ၊ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ဘဏ္ဍာငွေလိုအပ်ချက်၊ အကောင်အထည်ဖော်ရမည့် အချိန်ကာလ စသည့်တွေ့ရှိချက်များကို ဒေသအတွင်းသို့ အသေးစိတ်နယ်မြေကွင်းဆင်း ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တင်ပြလာမည်ဆိုပါက ဝန်ကြီးဌာန၏ ပြည်ထောင်စုငါးနှစ် ဖွံ့ဖြိုးရေးရန်ပုံငွေ တတိယငါးနှစ် စီမံကိန်းတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေးနှင့် ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းအောင်က ရှင်းလင်းဖြေကြားသည်။

## အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သော ဘတ်ဂျက်ထည့်သွင်း ပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်း

ထို့နောက် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက **အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သော ဘတ်ဂျက်ထည့်သွင်း ပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် မြင်သာထင်သာသော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းအပြင် လတ်တလောမြင်သာခြင်းမရှိသော်လည်း များစွာအကျိုးထိရောက်နိုင်မည့် မူကြိုအရွယ်ကလေးများ၏ ကာယ၊ ဉာဏဖွံ့ဖြိုးမှုအတွက် ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည့်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ သန်းခေါင်စာရင်းအရ အသက် ငါးနှစ်အောက်ကလေး ၄ ဒသမ ၅ သန်း ရှိနေသည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ယူထားသော မူကြိုကျောင်းအရေအတွက်သည် လိုအပ်ချက်များလွန်းနေသေးသည်ကို သိသာနေပါကြောင်း၊ အဆိုပါ မူကြိုကျောင်းအများစုသည် မြို့ပေါ်တွင်သာ အများစုဖြစ်ပြီး မူကြိုကျောင်း မရှိသည့် မြို့များလည်း များစွာရှိနေပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်တွင် တစ်ထောင်ခန့်မျှသော မူကြိုကျောင်းများတွင်သာ လေ့ကျင့်ပေးထားသော အရည်အသွေးပြည့်ဝသည့် ဆရာ၊ ဆရာမများဖြင့် စနစ်ကျသော သင်ကြားမှုနှင့် အာဟာရထောက်ပံ့မှု ရနေခြင်းသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလွန်နည်းပါးနေသေးပါကြောင်း၊ အထူးသဖြင့် ကျေးလက်တောရွာများရှိ အစိုးရ၏ ထောက်ပံ့မှုရရှိခြင်းမရှိသည့် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများနှင့် ဝေးလံခေါင်ဖျားသော တိုင်းရင်းသားဒေသများ၊ ပဋိပက္ခဖြစ်နေသည့် မငြိမ်းချမ်းသော နေရာများနှင့် ဒုက္ခသည်စခန်းများမှ ကလေးများအတွက် ကောင်းမွန်ထိရောက်ပြီး လက်တွေ့ကျသည့် စီမံခန့်ခွဲမှုများ ထောက်ပံ့မှုများ လိုအပ်နေပါကြောင်း၊ မည်သည့် ကလေးတစ်ဦးတစ်ယောက်မျှ ဖွံ့ဖြိုးမှုနောက်ကျစေခြင်းမရှိရန်အတွက် ကူညီထောက်ပံ့ပေးရန်မှာ မိမိတို့အားလုံးတွင် တာဝန်ရှိနေပါကြောင်း၊ ထို့ကြောင့် အသက် သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်တော်သော ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးပေးပါရန် တင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုအား လက်ခံဆွေးနွေးနိုင်ရန်အတွက် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်က ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

အဆိုပါဥပဒေကြမ်းနှင့်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က အစီရင်ခံစာအား ဖတ်ကြားတင်သွင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

## ၂၀၁၈ ခုနှစ် လောင်းကစားဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်က သဘောတူကြောင်း ကြေညာ

ဆက်လက်၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၈ ခုနှစ် လောင်းကစားဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူသောကြောင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိရာ သဘောကွဲလွဲသည့် အချက်ခုနစ်ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြခဲ့သည့် သဘောကွဲလွဲသည့် အချက်ခုနစ်ချက်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ငမိုးရိပ်ရေလှောင်တမံမှ ယခုနှစ် နွေစပါးရာသီတွင် ဧက ၃၆၀၀၀ ကျော် ရေပေးဝေလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံမှ ဆည်ရေဖြင့် ယခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံ စုစုပေါင်း ၃၆၂၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ငမိုးရိပ်ရေလှောင်တမံမှ ဆည်ရေဖြင့် တူးမြောင်းမကြီး အလျား ၁၅ မိုင်၊ လက်ဝဲတူးမြောင်းအလျား ၂၃ မိုင်၊ လက်ယာတူးမြောင်း အလျား ၁၇ မိုင်၊ လက်တံမြောင်းခွဲပေါင်း ၁၁၅ မြောင်းတို့ဖြင့် ၂၀-၁၂-၂၀၁၈ ရက်မှ စတင်ကာ နွေစပါးစိုက်ပျိုးရေပေးဝေခဲ့ကြောင်း သိရသည်။ ယခုနှစ် နွေစပါးရေပေးရာသီအမီ တူးမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် နွေစပါးအောင်ရေလုံလောက်စွာ ရရှိစေရေး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြောင်းပေါင်များ ပြုပြင်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို စက်ယန္တရားများ အသုံးပြုကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငမိုးရိပ်ဆည် ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်း အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ခြင်းဖြင့် ယခင်နှစ်က နွေစပါး ၂၃၆၄၆ ဧက၊ အခြားသီးနှံ ၄၄၆၈ ဧက စုစုပေါင်း ၂၈၁၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ရာမှ ယခု ၂၀၁၉ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၂၃၉၇၃ဧကနှင့် အခြားသီးနှံဧက ၁၂၃၀၀ စုစုပေါင်း ၃၆၂၇၃ ဧက စိုက်ပျိုးရန်လျာထားနိုင်ခဲ့ရာ ယခင်နှစ်ထက် စုစုပေါင်း နွေစပါးနှင့်အခြားသီးနှံ ၈၁၅၉ ဧက ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခု ၂၀၁၈-၂၀၁၉ ခုနှစ်၌ လှည်းကူးမြို့နယ်အတွင်းရှိ ငမိုးရိပ်ရေလှောင်တမံတွင် ကန်ရေပြည့်ရေ ကေပေ ၁၈၀၀၀၀၊ မဟူရာရေလှောင်တမံတွင် ကန်ရေပြည့်ရေ ကေပေ ၅၈၀၀၀၊ ပေါင်းလင်းရေလှောင်တမံတွင်ရေ ကေပေ ၁၁၈၀၀၀ တို့ အသီးသီး ရေသိုလှောင်နိုင်ခဲ့ရာ စုစုပေါင်းရေပမာဏ ကေပေ ၃၅၆၀၀၀ သိုလှောင်နိုင်ခဲ့ကြောင်း သိရသည်။

**မောင်မွှေး**



ငမိုးရိပ်ရေလှောင်တမံ တူးမြောင်းမကြီးမှ နွေစပါးစိုက်ပျိုးရေပေးဝေနေစဉ်။

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ကျောက်တော်မြို့နယ် သံချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တည်ဆောက်ရန် စီစဉ်လျက်ရှိ၊ မင်းသားတောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ပေးမည်

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ကြိမ်ချောင်းကျေးရွာ၊ မင်းသားတောင်ကျေးရွာနှင့် သရက်အုပ်ရွာသစ်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကြိမ်ချောင်းကျေးရွာနှင့် လေးဖာလုံသာဝေးသည့် သံချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေးဖာလုံသာဝေးသည့်နေရာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တည်ဆောက်ပေးသည့်အတွက် ကြိမ်ချောင်းကျေးရွာတွင် ဆောက်လုပ်သည့် သဘောပင် ဖြစ်ပါကြောင်း၊ မင်းသားတောင်ကျေးရွာအား ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ်သို့ တိုးချဲ့ပေးမည်ဖြစ်ပါကြောင်း၊ တောင်းဆိုထားသည့် သရက်အုပ်ကျေးရွာသည် င/တပေါင်းကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင်ရှိသည့် ရွာတစ်ရွာဖြစ်ပါကြောင်း၊ င/တပေါင်းကျေးလက်ကျန်းမာရေးဌာနခွဲတွင်လည်း အင်အားအပြည့်ရှိပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် လတ်တလောတွင် သရက်အုပ်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် မလိုအပ်သေးပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် (၉၃)ရပ်ကွက်အတွင်း အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်နှင့် သောက်သုံးရေကန်တို့၏ ကြားတွင်ရှိနေသော အလျားပေ ၄၂၀၊ အနံပေ ၁၃၀ ရှိ မြေကွက်လပ်ကို ရပ်ကွက်အားကစားကွင်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ပေးပို့လာသော စာရရှိပါကြောင်း၊ အဆိုပါစာတွင် တင်ပြထားသည်မှာ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၉၃) ရပ်ကွက်အတွင်း စာကြည့်တိုက်နှင့်သောက်သုံးရေကန်ကြားရှိ ပေ၄၂၀ × ပေ ၁၃၀ မြေကွက်လပ်နေရာအား မြေပြင်အခြေအနေကို စိစစ်သည့်အခါတွင် အဆိုပါနေရာသည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲလိုက်ပါကြောင်း၊ ထိုသို့ လွှဲလိုက်သည့် အချိန်ကတည်းကပင် မြို့ကွက်ကျမြေပုံအရ မြေတိုင်းရပ်ကွက် အမှတ်(၉၃)၊ မြေကွက် အမှတ်(၁၇၆ မှ ၁၉၇) စုစုပေါင်း အကွက် ၂၂ ကွက်ရှိပြီး မြို့ကွက်ကျမြေကွက်များအဖြစ် သတ်မှတ်ပါဝင်ခဲ့ပါကြောင်း။

အဆိုပါ အကွက် ၂၂ ကွက်တွင် အကွက် အမှတ် (၁၈၆ နှင့် ၁၈၇) နှစ်ကွက်သည် မြေငှားခကြီးကြပ်မှုစာရင်းတွင် ပုဂ္ဂလိကအမည်ပေါက်ဖြင့် မှတ်သားပါဝင်လျက်ရှိပါကြောင်း၊ ကျန်ရှိသည့်အကွက် ၂၀ ကို လက်ရှိမြေပြင်စစ်ဆေးမှုအရ မြေကွက်လပ်အဖြစ် တည်ရှိနေသော်လည်း အဆိုပါ မြေကွက်ပေါ်တွင် လူနေရပ်ကွက် ၂၂ ကွက် ဖော်ထုတ်ချထားပေးသည့် နေရာဖြစ်သည့်အတွက် ရပ်ကွက်အားကစားကွင်းအဖြစ် ဖော်ဆောင်ပေးရန် အစီအစဉ်မရှိကြောင်းကို ပြောကြားထားပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ မြင့်ထွေး



ရခိုင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်

ထို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်အား တင်ပြလိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ပြန်လည်ညှိနှိုင်း၍ ရရှိပါက ၂၀၁၉ - ၂၀၂၀ ဘတ်ဂျက်တွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပြန်လည်ညှိနှိုင်းသင့်သည်ဟု ထင်မြင်မိပါကြောင်း ဖြေကြားသည်။

## ထန်တလန်မြို့နယ် ဖာရွှန်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်အဆင့် တိုးမြှင့်ပေးရန် အစီအစဉ်မရှိ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် ဖာရွှန်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ထန်တလန်မြို့တွင် လူဦးရေငါးသောင်းကျော် ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင် (၅၀)ဆံ့ ဆေးရုံတစ်ရုံနှင့် တိုက်နယ်ဆေးရုံ လေးရုံရှိပါကြောင်း၊ တောင်းဆိုထားသည့် ဖာရွှန်းကျေးလက်ကျန်းမာရေးဌာနသည် ထန်တလန်မြို့ ပြည်သူ့ဆေးရုံနှင့် ၂၂ မိုင်သာ ကွာဝေး၍ နွေ၊ မိုး၊ ဆောင်း သုံးရာသီသွားလာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ဖာရွှန်းကျေးလက်ကျန်းမာရေးဌာနအောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုရှိပါကြောင်း၊ ထို့ကြောင့် ဖာရွှန်းကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံဆောက်ရန် အခွင့်အလမ်းလတ်တလောတွင်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အပိုဒ် ၁၂၀ ပါပြဋ္ဌာန်းချက်နှင့်လိုက် လျောညီထွေမှုရှိစေရန်အတွက် လည်းကောင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို ပေါ်လွင်ထင်ရှားစေရန်အတွက် လည်းကောင်း၊ အခန်း(၂၇)ပါ ပြစ်မှုနှင့်ပြစ်ဒဏ်ဖော်ပြချက်များကို ပိုမိုလေးနက်စေရန်အတွက်လည်းကောင်း ရည်ရွယ်သည့်အတွက် မူလဥပဒေကြမ်းပါအတိုင်း အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀၄ ၏ မည်သူမဆို ကလေးသူငယ်ကိုဖြစ်စေ၊ မသန်စွမ်းကလေးသူငယ်ကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် နှစ် ၂၀ မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဆိုသည့် ပြဋ္ဌာန်းချက်ကို ပြန်လည်ထည့်သွင်းဖော်ပြရန်နှင့် အမျိုးသားလွှတ်တော်၊ ဥပဒေ ကြမ်းကော်မတီ၏ အပိုဒ် ၁၁၅ အဖြစ် ပြင်ဆင်ထားသည့် ပြည်သူ့လွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၄ ကိုပယ်ဖျက်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းသည် အရေးကြီးသည့် ဥပဒေဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရန် လိုအပ်

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းသည် အရေးကြီးသည့် ဥပဒေဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးအစရှိသည့် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း၊ လက်ထပ်ထိမ်းမြားခြင်းကိစ္စသည် အရွယ်ရောက်ပြီးသူများ၏ ကိစ္စဖြစ်သည်နှင့်အညီ လက်ထပ်ထိမ်းမြားခြင်းနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ခြင်းကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း၏ အခန်း(၇)၊ လက်ထပ်ထိမ်းမြားခြင်းနှင့် သက်ဆိုင်သည့် ပုဒ်မ ၂၃ ကို ပယ်ဖျက်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး သိန်းလွင်ဌေး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ထက်လင်း၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး သိန်းဘိုဘိုထွေးနှင့် တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူး မိုးဟန်တို့က ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**
**လူမော်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမြင့်ဝေ၊ ဂွမဲဆန္ဒနယ်၏ မိတ်ဆွေ သုံးဦး၊ ဦးကျင်ဝမ်း၊ ဟိုပန်မဲဆန္ဒနယ်၏‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့‘ဝ’စာပေနှင့် ယဉ်ကျေးမှုအသင်းမှ အသင်းသား အသင်းသူများ ၃၄ ဦးနှင့် ကရင်ပြည်နယ် ဘားအံမြို့နယ် အခြေစိုက် ရှေ့မှုလကရင်စာပေအသင်း (လိုက်ခွါင်ကော်)မှ စာပေအကြံပေးနှင့် အတိုင်ပင်ခံ ဦးစောမောင်ကြီး ဦးဆောင်သည့် နာယကဆရာတော်ခြောက်ပါး အပါအဝင် လေ့လာရေးအဖွဲ့၅၂ ဦး၊ မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာ သင်းသင်းမာ ဦးဆောင်သည့် ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ ၁၀၃ ဦး စုစုပေါင်း ၁၉၂ ဦးတို့သည် ယနေ့နံနက် ၁၀နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၄၅၂၅ ဦးနှင့် ပြည်ပဧည့်သည် ၂၀၂ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ဒုတိယအကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn နှင့်အဖွဲ့သည် ယနေ့ ည ၇ နာရီ မိနစ် ၂၀ တွင် ဘန်ကောက်လေကြောင်းဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sok Chea နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ ကြံအထွက်နှုန်းကောင်း လမိုင်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

**တပ်ကုန်း ဇန်နဝါရီ ၃၁**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာတွင် ၂၀၁၉- ၂၀၂၀ ကြံစိုက်ရာသီတွင် တောင်သူများ ကြံအထွက်နှုန်း တိုးတက်စေရန်အတွက် ကြံသီးနှံအထွက်နှုန်းကောင်း လမိုင်းပြုပြင်ခြင်းနှင့် ကွင်းပြပွဲကို ဇန်နဝါရီ ၃၀ ရက်က တောင်သူ ဦးလှငွေ၏ ကြံစိုက်ခင်း၌ ပြုလုပ်သည်။



အဆိုပါ ကွင်းပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ကြံလမိုင်းပြုပြင်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ခရိုင်စိုက်ပျိုးရေးမှူးများ၊ မြို့နယ်စိုက်ညှိအဖွဲ့များ၊ ဝန်ထမ်းများနှင့် တောင်သူများက ကြံစိုက်ခင်းအတွင်း လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ရင်ခွင်မဲ့ကလေးငယ်များအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်တရလက်မှတ်ရေးထိုးထားသည့် ပုံတူပန်းချီကားနှင့် Patchwork အိပ်ရာဖုံးတို့အား "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော် နောက်ဆုံးနေ့တွင် လေလံတင်ရောင်းချ

ရန်ကုန် ဇန်နဝါရီ ၃၁

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်တရ လက်မှတ်ရေးထိုးထားသည့် ပုံတူပန်းချီကားနှင့် သက်ဆိုင်ရာ နိုင်ငံအလိုက် ရိုးရာအဆင်များဖြင့် စုပေါင်းချုပ်လုပ် ဒီဇိုင်းပုံဖော်ထားသည့် Patchwork အိပ်ရာဖုံးတို့ကို မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော် နောက်ဆုံးနေ့ ဇန်နဝါရီ ၃၀ ရက်တွင် ပြုလုပ်သည့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ) အလှူရှင် ဂုဏ်ပြုပွဲနှင့် ဂီတပွဲတော်တွင် လေလံတင်ရောင်းချခဲ့သည်။**

**အလှူရှင်တွေ ဝိုင်းဝန်းလှူဒါန်း**

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း (မြန်မာ) မှ ဒုတိယ ဥက္ကဋ္ဌ-၁ ဒေါ်သန်းမြင့်အောင်က " ရင်ခွင်မဲ့ကလေးတွေ Single mother တစ်ကိုယ်ရေမိခင်တွေ စောင့်ရှောက်ဖို့အတွက် နေပြည်တော်မှာဆောက်မယ့် အဆောက်အအုံအတွက် အသင်းကလည်း မတည်တယ်။ အလှူရှင်တွေကလည်း ဝိုင်းဝန်းပြီးတော့ လှူဒါန်းကြတယ်။ အာဆီယံ ၁၀ နိုင်ငံက လက်မှုအနုပညာလက်ရာနဲ့ ပန်းချီကားကိုလည်း လေလံတင်တယ်။ ဒါတွေအားလုံးဟာ ရင်ခွင်မဲ့ ကလေးငယ်တွေအတွက် ဆောက်လုပ်မယ့် အဆောက်အအုံမှာ သုံးစွဲသွားမှာ ဖြစ်ပါတယ်။ နောက်ပိုင်း အလှူရှင်တွေရှိရင် ကလေးတွေနဲ့ တစ်ကိုယ်ရေ မိခင်တွေအတွက် သုံးစွဲသွားမှာပါ " ဟု ပြောသည်။

ထိုသို့ လေလံတင်ရောင်းချရာတွင် အာဆီယံနိုင်ငံများမှ အမျိုးသမီး သံအမတ်ကြီးများ၊ သံအမတ်ကြီးများ၏ ဇနီးများ၊ သံတမန်ဝန်ထမ်းများနှင့် နိုင်ငံခြားရေး ဝန်ထမ်းများ၏ ဇနီးများမှ သက်ဆိုင်ရာ နိုင်ငံအလိုက် ရိုးရာ အဆင်များဖြင့် စုပေါင်းချုပ်လုပ် ဒီဇိုင်းပုံဖော်ထားသည့် Patchwork အိပ်ရာဖုံးအား အမြင့်ဆုံးလေလံကြေး ငွေကျပ် ၇၅ သိန်းဖြင့်လည်းကောင်း၊ ပန်းချီဆရာဦးကြည်စိုး ရေးဆွဲထားသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားကို အမြင့်ဆုံးလေလံကြေး ငွေကျပ်သိန်း ၄၀၀ ဖြင့်လည်းကောင်း မြတ်မေတ္တာမွန်ကုမ္ပဏီက တစ်ဦးတည်း လေလံဆွဲဝယ်ယူခဲ့ကြောင်း သိရသည်။

**အကျိုးရှိစွာအသုံးချမှာဖြစ်**

တစ်ဦးတည်း လေလံဆွဲဝယ်ယူခဲ့သူ မြတ်မေတ္တာမွန်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦးက " ရင်ခွင်မဲ့ကလေးငယ်တွေအတွက် အရင်ကတည်းကလှူဖို့ စိတ်ကူးရှိခဲ့တယ်။ နေပြည်တော်မှာ အခုဆောက်မယ့် အဆောက်အအုံအတွက် ငွေကျပ်သိန်း၁၅၀၀ကိုလည်း ဒီနေ့အခမ်းအနားမှာ လှူပြီးဖြစ်ပါတယ်။ နောက်ထပ် လှူချင်စိတ်ဖြစ်လာတာနဲ့ လေလံနှစ်ခုကို ထပ်ပြီးဆွဲဖြစ်ခဲ့တာပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမေ ဒေါ်အောင်ဆန်းစုကြည်ကို လေးစားတဲ့အနေနဲ့ လေလံဆွဲတာလည်းပါပါတယ်။ ဒီငွေတွေကို ရင်ခွင်မဲ့ ကလေးငယ်တွေအတွက် တကယ်အကျိုးရှိစွာ အသုံးချမှာဖြစ်တဲ့အတွက် လှူချင်တဲ့စိတ်ဖြစ်လာတာပါ " ဟု ပြောသည်။



အမြင့်ဆုံးလေလံကြေး ငွေကျပ်သိန်း ၄၀၀ ဖြင့် လေလံဆွဲဝယ်ယူသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားကို တွေ့ရစဉ်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရေးဂေဟာ (နေပြည်တော်) ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးမှ သံအမတ်ကြီးများ၊ သံအမတ်ကြီးများ၏ ဇနီးများ၊ သံရုံးဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရေးဂေဟာ (နေပြည်တော်) ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ)မှ ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက အသင်းဖြစ်ပေါ်လာပုံနှင့် နေပြည်တော်တွင် ဆောက်လုပ်မည့် ရင်ခွင်မဲ့ကလေးငယ်များပြုစုစောင့်ရှောက်ရေးဂေဟာ တည်ဆောက်သွားမည့်အကြောင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် နေပြည်တော်တွင် ဆောက်လုပ်မည့် ရင်ခွင်မဲ့ကလေးများ စောင့်ရှောက်ရေးဂေဟာ သုံးထပ်အဆောက်အအုံအတွက် လှူဒါန်းကြသည့် အလှူရှင်များအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဦးနိုင်ငံလင်းနှင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ် စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ် စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ-၁ ဒေါ်သန်းမြင့်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ) အလှူရှင်ဂုဏ်ပြုပွဲနှင့် ဂီတပွဲတော်တွင် အသင်း၏ သီချင်းကို တေးသံရှင် မို့မို့လွင်နှင့် ဆုမိုတို့က သီဆိုဖျော်ဖြေခဲ့ပြီး နာမည်ကျော် တေးသံရှင်များဖြစ်သည့် ဖြူဖြူကျော်သိန်း၊ ကောင်းမြတ်၊ မိစန္ဒီ၊ အေးသင်ချိုဆွေနှင့် နာမည်ကျော် တေးသံရှင်များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းကို ၂၀၁၈ခုနှစ် ဧပြီ ၁၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အစိုးရမဟုတ်သော NGO ပရဟိတ အဖွဲ့အစည်းအဖြစ် ရင်ခွင်မဲ့ကလေးငယ်များနှင့် အမျိုးသမီးများအကျိုးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆက်လက်ပြုစုစောင့်ရှောက်ရန်**

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းက နေပြည်တော်တွင် မကြာမီ ဆောက်လုပ်မည့် ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရေးဂေဟာအား ဆောက်လုပ်ပြီးစီးပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကာ အဆိုပါဂေဟာတွင် မွေးကင်းစမှ ၆ လအထိ ရင်ခွင်မဲ့ ကလေးငယ်များကို ပြုစုစောင့်ရှောက်သွားမည် ဖြစ်ပြီး နောက်ပိုင်းတွင် အသက် ၁၀ နှစ်အရွယ်အထိ ဆက်လက်ပြုစုစောင့်ရှောက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်း-သီသီမင်း**

**ဓာတ်ပုံ-နေလင်း**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း နေပြည်တော်တွင်ဆောက်လုပ်မည့် ရင်ခွင်မဲ့ကလေးများစောင့်ရှောက်ရေးဂေဟာ သုံးထပ်အဆောက်အအုံအတွက်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

# ပြည်သူအများ လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာဖြင့် သုံးစွဲနိုင်ရေး ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**မန္တလေး ဇန်နဝါရီ ၃၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရပ်ကွက်ကြီးအချို့မှ ပြည်သူအများ သုံးစွဲနိုင်ရန် ယခင်က 33/ 11 kv သင်ပန်းကုန်းဓာတ်အားခွဲရုံမှ 10 MVA ထရန်စဖော်မာနှစ်လုံးဖြင့် ဓာတ်အားဖြန့်ဖြူးလျက်ရှိရာ ယခုအခါ 10 MVA ထရန်စဖော်မာ တစ်လုံးအား 20 MVA ထရန်စဖော်မာတစ်လုံးဖြင့် ဝန်အားတိုးမြှင့်အစားထိုး လဲလှယ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် သင်ပန်းကုန်းဓာတ်အားခွဲရုံအထွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၂ ဒသမ ၇၅ မိုင်အား 12 kv , $120mm^2$ SAC ဖြင့် အသစ်တိုးချဲ့တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းပြီးစီးပါက ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ (ခ) ရပ်ကွက်၊ ချမ်းမြသာယာရပ်ကွက်နှင့် ငွေတော်ကျိုကုန်း ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ချမ်းမြသာစည်မြို့နယ်၊ ချိုင်းဓာတ်အားခွဲရုံ၏ ဝန်အားကို မျှနိုင်မည်ဖြစ်ပြီး ရပ်ကွက်နေပြည်သူများအနေဖြင့်လည်း လိုအပ်သော လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးကျော်က ပြောကြားသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ပြအမွေအနှစ်အထိမ်းအမှတ် ၂၇ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို The Strand Hotel ၌ တပ်ဆင်မည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ မြို့ပြအမွေအနှစ်အထိမ်းအမှတ် ၂၇ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ The Strand Hotel ၌တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

**အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ပြီး**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် လမ်းမတော်မြို့နယ် အ.ထ.က - ၁ (ယခင် - စိန့်ဂျွန်း) ကျောင်းတွင် ၂၄ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို တပ်ဆင်ခဲ့ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ၂၅ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ဝန်ကြီးများရုံးအနီးရှိ ဗိုလ်အောင်ကျော်လမ်းတွင် လည်းကောင်း၊ ၂၆ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို အ.ထ.က (၁) ပုဇွန်တောင်တွင်လည်းကောင်း တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့ပြအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရန်**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အနေဖြင့် ရန်ကုန်မြို့ပြအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် စနစ်တကျဖြစ်စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် မြို့ပြစီမံကိန်းများရေးဆွဲရာတွင် မြို့ပြအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်သွားရန် ကြိုးပမ်းလျက်ရှိပြီး အမှန်တကယ် ပြုပြင်နေသော အဆောက်အအုံများကိုလည်း နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပေးလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ရုပ်သံထုတ်လွှင့်ခြင်းနှင့် Fiber ဆက်ကြောင်း

စက်မှုခင်

၁၉၇၀ ပြည့်နှစ်တွင် Fiber Optic Cable များ အသုံးပြုမှု စတင်ခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍတွင် စက်မှုတော်လှန်ရေးတစ်ခေတ် ပြောင်းလဲခဲ့ပါသည်။ ဆက်သွယ်ရေးလုပ်ငန်းများတွင် လျှပ်စစ်ကြေးနန်းကြိုး (Copper Wire) အသုံးပြုနေရာမှ Optical Fiber အမျှင်များပါသော Cable များ အစားထိုးအသုံးပြုလာပြီး Fiber Optic Cable မှာ အဓိကအခန်းမှ ပါဝင်လာပါသည်။

လေဆာထုတ်လွှင့်မှု (Laser Transmission) ကို အခြေခံသည့် ဆက်သွယ်ရေးကြားခံဖန်သား (Glass) သို့မဟုတ် ပလတ်စတစ် ဖိုင်ဘာကို အသုံးပြု၍ အလင်းကို သယ်ဆောင်ကာ အရုပ်၊ အသံနှင့်အချက်အလက် Signal များကို ထုတ်လွှင့်ပေးပါသည်။ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ၊ Internet ဝန်ဆောင်မှုလုပ်ငန်းများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုဝန်ဆောင်မှု လုပ်ငန်းများအတွက် Fiber Optic Cable ကို အသုံးပြုကြပါသည်။



မြေအောက်ဖိုင်ဘာကေဘယ်လ်။

### တစ်နေရာမှ တစ်နေရာသို့

ဖိုင်ဘာအမျှင်တစ်ခုတွင် ပင်မအူတိုင် (Core)၊ ဘေးအကာရံ (Cladding)၊ ဖိုင်ဘာချောင်း (Fiber)၊ အပြင်အကာ (Outer Jacket) တို့ ပါရှိပါသည်။ ဖိုင်ဘာအမျှင်တစ်ခုချင်းစီသည် ဒစ်ဂျစ်တယ်အချက်အလက် သို့မဟုတ် အသံလိုင်းများစွာကို တစ်စက္ကန့်တွင် သယ်ဆောင်ပေးနိုင်ပါသည်။ သတင်းအချက်အလက် ရုပ်ပုံအချက်ပြများ (Image Signal) ကို လျှပ်စစ်အချက်ပြ (Electrical Signal) မှ တစ်ဆင့် အလင်းအချက်ပြ (Optical Signal) သို့ ပြောင်းလဲအသုံးပြုပြီး အလင်းပြန်ခြင်းနိယာမ သဘောတရား (Total Internal Reflection) ကို အသုံးပြု၍ ဆောင်ရွက်ကာ Fiber Cable မှ ပေးပို့လိုသည့်နေရာသို့ ပေးပို့ပါသည်။

ဖမ်းယူရရှိသည့်နေရာ၌ ဝင်ရောက်လာသည့် အလင်းအချက်ပြ (Optical Signal) ကို လျှပ်စစ်အချက်ပြ (Electrical Signal) သို့ ပြောင်းလဲ၍ အသုံးပြုပါသည်။ ထုတ်လွှင့်မှုသည် တစ်လမ်းသွား သို့မဟုတ် နှစ်လမ်းသွား စနစ်၊ အသံ၊ အချက်အလက်၊ အရုပ်၊ ပေးပို့ခြင်းဝန်ဆောင်မှုများကို ပြုလုပ်နိုင်ပါသည်။ Fiber Cable တစ်ခုတွင် Fiber အမျှင်ကြိုး(Strands) များ အရေအတွက်အားဖြင့် တစ်ခုသို့မဟုတ် ရာပေါင်းများစွာ ပါဝင်ပါသည်။ Fiber အမျှင်ကြိုးတစ်ခု၏ အရွယ်အစားမှာ လူသားတစ်ဦးရှိ ဆံပင်ထက် (၁/၁၀) ပုံခန့်သာ ရှိသော်လည်း တယ်လီဖုန်းခေါ်ဆိုမှုပေါင်း ၂၅၀၀၀ ခန့် သယ်ဆောင်နိုင်ပါသည်။

### မရေတွက်နိုင်သော အချက်အလက်များ

Fiber အမျှင်များ စုပေါင်းထားသော Fiber Cable ကို အသုံးပြုသည့် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ 2 Core Fiber၊ 4 Core Fiber၊ 8 Core Fiber စသဖြင့် သတ်မှတ်သုံးစွဲပါသည်။ သို့ဖြစ်ရာ Fiber Cable တစ်ခုတွင် မရေတွက်နိုင်သော သန်းပေါင်းများစွာ Data အချက်အလက်များ ပါဝင်ပါသည်။

ဖိုင်ဘာကွန်ရက်များကို ချိတ်ဆက်အသုံးပြုရာတွင် မြေအောက် Cable ဆက်သွယ်ခြင်း (Underground)၊ မြေပေါ် Cable (Overhead) ဆက်သွယ်ခြင်းအပြင် နိုင်ငံတကာ ဆက်သွယ်ရေးအတွက် ရေအောက် Cable (Submarine Cable) သွယ်တန်းနည်းစနစ်များဖြင့် ဆက်သွယ်ချိတ်ဆက်ထားပါသည်။

ယေဘုယျအားဖြင့် အသုံးပြုသည့် လုပ်ငန်းအပေါ် မူတည်၍ Single Mode Fiber နှင့် Multimode Fiber ဟူ၍လည်း အသုံးပြုကြပါသည်။ ထို့အပြင် ဆေးပညာလုပ်ငန်းများတွင် ရောဂါရှာဖွေခြင်း၊ စက်မှုပိုင်းဆိုင်ရာလုပ်ငန်းများတွင် စက်ပစ္စည်းများအား စစ်ဆေးဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုပါသည်။

### မြေအောက်ဖိုင်ဘာ ကေဘယ်လ်ချခင်းခြင်း

မြေအောက်ဖိုင်ဘာ ကေဘယ်လ်ချခင်းခြင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက အကျယ် ၁ ဒသမ ၅ ပေ နှင့် အနက် လေးပေတွင် ချခင်းဆောင်ရွက်ရပါသည်။ Fiber Cable အကွာအဝေး မီတာ ၁၀၀ အကွာအဝေးတိုင်းတွင် ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရန်အတွက် Man Hole ထားရှိပေးရပါသည်။ ဖိုင်ဘာဆက်ကြောင်း အကွာအဝေး ၁၀၀ ကီလိုမီတာတိုင်းတွင်လည်း Transmission စက်ပစ္စည်းများ တပ်ဆင်ထားရှိရပါသည်။

ဖိုင်ဘာဆက်ကြောင်းကွန်ရက်အသုံးပြုခြင်းကြောင့် ပေးပို့သည့် ရုပ်ပုံအချက်အလက်များ အရည်အသွေးကျဆင်းမှုနည်းပါးခြင်း (Less Attenuation)၊ နှောင့်ယှက်မှုနည်းပါးခြင်း (No Interference)၊ ပမာဏအကန့်အသတ်မရှိ သုံးစွဲနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ သုံးစွဲမှုသက်သာခြင်း၊ ပို့ဆောင်ချိတ်ဆက်မှု လျင်မြန်ခြင်း၊ လုံခြုံစိတ်ချရမှုရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုများပြားခြင်း၊ ပြုပြင်ထိန်းသိမ်းမှုအတွက် ကုန်ကျစရိတ်ရှိခြင်း၊ ရာသီဥတုနှင့်သဘာဝဘေးအန္တရာယ်များအတွက် ပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ခြင်း စသည့်အားနည်းချက်များလည်း ရှိပါသည်။

### စက်ဝိုင်းပုံကွန်ရက်များ ချိတ်ဆက်ထား

Fiber ကွန်ရက်များ အသုံးပြုရာတွင် Fiber ပင်မဆက်ကြောင်းတွင် ဆက်သွယ်မှုပြတ်တောက်ခြင်းမှ ကာကွယ်ရန် စက်ဝိုင်းပုံကွန်ရက်များ ချိတ်ဆက်ထားရှိပါသည်။ သီးသန့်တိုက်ရိုက်ချိတ်ဆက်သည့် Dedicated လိုင်းများတွင်လည်း မြေပေါ်နှင့် မြေအောက်လိုင်းဟူ၍ အရန်လိုင်းကိုပါ ထားရှိအသုံးပြုကြပါသည်။ ငွေကြေးသုံးစွဲနိုင်မှုအပေါ်မူတည်၍ ဆက်ကြောင်း တစ်ခုတည်း ချိတ်ဆက်ဆောင်ရွက်သည့်အခါလည်း ရှိပြီး အခြားဆက်သွယ်ရေးနည်းလမ်းတစ်မျိုးမျိုးကို အရန်အဖြစ် စီစဉ်ထားရှိလေ့ရှိပါသည်။

Fiber ဆက်ကြောင်းတစ်လျှောက်တွင် ကြားခံအသုံးပြုသော စက်ပစ္စည်းများကြောင့်လည်းကောင်း၊ Fiber များ ချိတ်ဆက်မှုကြောင့်လည်းကောင်း၊ ထုတ်လွှင့်သော သတင်းအချက်အလက်များကြားတွင် အနှောင့်အယှက်များ ဖြစ်ပေါ်ပြီး စွမ်းရည်ဆုံးရှုံးမှုများ တွေ့ကြုံနိုင်ပြီး ပေးပို့သော သတင်းအချက်အလက်များ မရောက်ရှိသည်ကိုလည်း တွေ့ကြုံနိုင်ပါသည်။



ဖိုင်ဘာကေဘယ်လ်များ။

သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ အခြားမမျှော်လင့်နိုင်သော ကိစ္စရပ်များကြောင့် လည်းကောင်း၊ လူနှင့်ပြင်ပ ပယောဂများကြောင့် လည်းကောင်း၊ Fiber ပြတ်တောက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော် တပ်ကုန်းသို့ ၂၀၀၈ ခုနှစ်မှ ပြောင်းရွှေ့ချိန်မှ စတင်ပြီး ရုပ်/သံ သတင်းပေးပို့ခြင်းလုပ်ငန်းများကို Fiber Network ဌာနမှ အသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။

### ဖိုင်ဘာဆက်ကြောင်း အသုံးပြု

လက်ရှိတွင် MRTV (တပ်ကုန်း)နှင့် MRTV (ရန်ကုန်) တို့အကြား သတင်းနှင့် သက်ဆိုင်သည့် ရုပ်သံအစီအစဉ်များ အပြန်အလှန် ပေးပို့ခြင်း၊ သတင်း အစီအစဉ်များ အပြန်အလှန် ရိုက်ကူးထုတ်လွှင့်ခြင်း၊ ပျဉ်းမနား ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(သပြေတောင်)နှင့် ရုပ်သံ သတင်းများပေးပို့ခြင်း၊ နေပြည်တော် အနီးတစ်ဝိုက်တွင် ကျင်းပပြုလုပ်သည့် အခမ်းအနားများအား တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ခြင်း၊ လွှတ်တော်အခမ်းအနားကျင်းပပုံများ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ခြင်း စသည့်လုပ်ငန်းများတွင် ဖိုင်ဘာဆက်ကြောင်းကို အသုံးပြုလျက်ရှိပါသည်။

### ၅ မိနစ်ခန့် ပြတ်တောက်မှုဖြစ်ပေါ်

၂၉-၁-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပနေမှုကို လွှတ်တော်ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်နေစဉ် နေ့လယ် (၁၄း၂၀) နာရီမှ (၁၄း၂၅) နာရီအထိ ငါးမိနစ်ခန့် ပြတ်တောက်မှုဖြစ်ပွားခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် ဆွေးနွေးမှုအစီအစဉ်များကို ပြည်ထောင်စုလွှတ်တော်မှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း)ရုံးချုပ်သို့ ဖိုင်ဘာဆက်ကြောင်းမှ တစ်ဆင့်ပေးပို့ထုတ်လွှင့်ရာ ယင်းအချိန်တွင် ဖိုင်ဘာလိုင်းကျ၍ အစီအစဉ် ပြတ်တောက်ခဲ့ခြင်းဖြစ်ပြီး ဂြိုဟ်တုဆက်ကြောင်းဖြင့် ပြောင်းလဲထုတ်လွှင့်ခဲ့ရပါသည်။

ပြည်သူများထံသို့ ပြတ်တောက်မှုဖြစ်ရခြင်းအတွက် အသိပေးတောင်းပန်ခြင်း စာသားကို လွှင့်တင်ခြင်း၊ ပြတ်တောက်သွားခဲ့သည့်အပိုင်းကိုလည်း ထည့်သွင်းပြီး အစ-အဆုံး ပြန်လည်ထုတ်လွှင့်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ နောက်နောင်တွင် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် လွှတ်တော်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရုံးချုပ်)တို့ အကြား ဖိုင်ဘာဆက်ကြောင်း လမ်းတစ်လျှောက်ကို ပြန်လည်စစ်ဆေးခြင်းအား သက်ဆိုင်ရာ Fiber ချခင်းခြင်း လုပ်ငန်းဆောင်ရွက်သည့် ဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဖိုင်ဘာလိုင်းစစ်ဆေးပြီးပြင်မှု ဆောင်ရွက်ပြီးပါက ဖိုင်ဘာလိုင်းအား အဓိကဆက်ကြောင်းအဖြစ် အသုံးပြုသွားမည်ဖြစ်ပြီး ဂြိုဟ်တုဆက်ကြောင်းကို အရန်အဖြစ် အသုံးပြုပါမည်။ ဤကဲ့သို့ ဖြစ်ပွားခဲ့ပါက ပြည်သူသို့ တောင်းပန်ခြင်းအား အချိန်နှင့်တစ်ပြေးညီ အသိပေးဆောင်ရွက်နိုင်ရေးစီစဉ်ထားရှိပြီး ဖိုင်ဘာဆက်ကြောင်း ချိတ်ဆက်ဆောင်ရွက်မှုဖြစ်စဉ်များအတွက် သက်ဆိုင်ရာဌာနများသို့ တရားဝင်အကြောင်းကြား ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### တွင်ကျယ်စွာအသုံးပြု

Fiber Optic ကွန်ရက်ဆက်ကြောင်းကို ဆက်သွယ်ရေး၊ အင်တာနက်ဝန်ဆောင်မှုများ၊ Cable ရုပ်သံထုတ်လွှင့်မှုများအတွက် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုကြပါသည်။ Bell Lab မှ သုတေသီများက ယခုအခါ Fiber Optic ဆက်သွယ်ရေးကို အသုံးပြုလျှင် တစ်စက္ကန့်လျှင် 100 Petabit/ Km အမြန်နှုန်းသို့ ရောက်ရှိ အသုံးပြုနိုင်ကြောင်း ပြောကြားထားပါသဖြင့် အရည်အသွေးမြင့် 4K/ 8K၊ Super Hi-Vision၊ Ultra-High Definition ခံစားကြည့်ရှုနိုင်သည့် ရုပ်မြင်အစီအစဉ်များ၊ ရုပ်ရှင်များ၊ အားကစားပွဲများ၊ Interactive Games၊ Internet အခြေခံဝန်ဆောင်မှုများကို မိမိတို့၏ နေအိမ်အရောက် Fiber to the Home (FTTH) စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်နေပြီ ဖြစ်ကြောင်း ဗဟုသုတအလို့ငှာ အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

❒ ပြည်သူများထံသို့ ပြတ်တောက်မှုဖြစ်ရခြင်းအတွက် အသိပေးတောင်းပန်ခြင်းစာသားကို လွှင့်တင်ခြင်း၊ ပြတ်တောက်သွားခဲ့သည့်အပိုင်းကိုလည်း ထည့်သွင်းပြီး အစ-အဆုံး ပြန်လည်ထုတ်လွှင့်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ နောက်နောင်တွင် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် လွှတ်တော်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရုံးချုပ်) တို့ အကြား ဖိုင်ဘာဆက်ကြောင်း လမ်းတစ်လျှောက်ကို ပြန်လည်စစ်ဆေးခြင်းအား သက်ဆိုင်ရာ Fiber ချခင်းခြင်းလုပ်ငန်း ဆောင်ရွက်သည့် ဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ။

# မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီး ဗုဒ္ဓပူဇနိယဘုရားပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီး ဗုဒ္ဓပူဇနိယဘုရားပွဲနှင့် ဝင်းစိန်ဆရာတော်ဘုရားကြီး သက်တော် (၉၈)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ၊ ရုပ်ကလာပ်တော်အား သင်္ကန်းတော်လဲလှယ်ပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ဝင်းစိန်ရတနာတောင် တောရကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများအမှူးပြု၍ ကျိုက်ထီးဆောင်းဆရာတော်၊ ဒုတိယ ဝင်းစိန်ဆရာတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဗဟို(ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့ တက်ရောက်ကြသည်။

**ဘုရားဖူးပြည်သူများ သွားလာရေးအဆင်ပြေရန်လမ်းသစ်ဖွင့်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် ဘုရားဖူးလာပြည်သူများ လွယ်ကူအဆင်ပြေသွားလာနိုင်ရန်အတွက် အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီး ဘုရားအဝင်လမ်း အရှည်ပေ ၅၇၀၀၊ အကျယ် ၂၄ ပေ နိုင်လွန်ကတ္တရာလမ်းသစ်ကိုပါ အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး ယင်းအခမ်းအနားတွင် ဦးဇေသီဟ (ဇေကမ္ဘာမိသားစု)မှ အလှူငွေကျပ် သိန်း ၆၃၀၀ အား ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်မရော ဆုတောင်းပြည့်ဘုရားကြီးအထွတ်ရှိ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား ကြံ့ခိုင်မှုအားနည်းနေပြီး ငှက်မြတ်နားတော်ကြီးမှာ ဆွေးမြည့်နေ၍ ဘုရားကြီးခေါင်မိုးပေါ်သို့ ပြုတ်ကျနေသောကြောင့် သာသနာ ၂၅၀၀ မှ သာသနာ ၅၀၀၀ တည်တံ့ဆောင်နိုင်ရန်အတွက် ထီးတော်ဟောင်းအား ပင့်ဆောင်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည်။



ဆရာတော်များ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ လျောင်းတော်မူဘုရားကြီး ဘုရားအဝင်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**လှူဖွယ်ပစ္စည်းများ လှူဒါန်း**

ညနေပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ် သံဃနာယကအဖွဲ့ဆရာတော်ကြီးများ၏ သာသနာတော်ဆိုင်ရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များ လိုအပ်သလို အသုံးပြုနိုင်ရန်အတွက် ဇေကမ္ဘာကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းခဲ့သည့် သံဃနာယကအဖွဲ့ရုံး နှစ်ထပ်ကျောင်းဆောင်သစ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်၊ ပလ္လင်မြတ်တို့ ပြီးစီးပြီဖြစ်သဖြင့် ရေစက်သွန်းချ အလှူတော်မင်္ဂလာပွဲ အခမ်းအနားကို ကျင်းပခဲ့ပြီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အသေးစား ရေနေသတ္တဝါမွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်း အပြီးသတ်ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

အပူပိုင်းဇုန် ကျေးလက်လူနေမှုဘဝမြှင့်တင်ရေးအတွက် အသေးစား ရေနေသတ္တဝါမွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်း အပြီးသတ်ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်တွင် ပါဝင်သည့် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေထိုင်သည့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ရာသီဥတုဖောက်ပြန်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ထိရောက်မှုရှိသည့် အစီအမံများ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အပူပိုင်းဇုန်ဒေသတွင် ငါးနှစ်ကြာ လုပ်ဆောင်မည့် စီမံကိန်းတစ်ရပ်ဖြစ်သည့် ကျေးလက်လူနေမှုဘဝမြှင့်တင်ရေးအတွက် အသေးစားရေနေသတ္တဝါမွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်းအား ၂၀၁၄ ခုနှစ်တွင်ရေးဆွဲခဲ့ပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို JICA မှ ကျွမ်းကျင်ပညာရှင်များနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုစီမံကိန်းသည် ဒေသနေပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်အပေါ်မူတည်ပြီး ဆန်းစစ်လေ့လာမှုပြုလုပ်ထားခြင်းနှင့် ဒေသအခြေအနေနှင့် သင့်တော်မှုရှိသည့် ရေနေသတ္တဝါမွေးမြူရေး နည်းစနစ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး စပါး - ငါး မွေးမြူရေး နည်းစနစ်နှင့် သွင်းအားစုအနည်းငယ်သာ ထည့်သွင်းရသည့် မွေးမြူရေးစနစ်များ ပါဝင်ခြင်း၊ ဒေသငါးထုတ်လုပ်သူများ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပြီး အမာခံငါးမွေးတောင်သူများအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေပြီး ယင်းတို့မှတစ်ဆင့် ဒေသအတွက် အရည်အသွေးကောင်းမွန်သည့် ငါးသားပေါက်များ ထုတ်လုပ်ခြင်းနှင့် ၎င်းတို့ ပတ်ဝန်းကျင်တွင်နေထိုင်သည့် ငါးမွေးတောင်သူများထံသို့ နည်းပညာဆိုင်ရာ အရေးပါသည့် သတင်းအချက်အလက်များနှင့် ငါးသားပေါက် ဖြန့်ချိခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အပူပိုင်းဇုန် ကျေးလက်လူနေမှုဘဝမြှင့်တင်ရေးအတွက် အသေးစားရေနေသတ္တဝါမွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်း အပြီးသတ်ဆောင်ရွက်မှုဆိုင်ရာဆွေးနွေးပွဲတွင် ပြသထားသည့် စာအုပ်စာတမ်းများကို ကြည့်ရှုစဉ်။



# မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် Siam Commercial Bank Public Company Limited (SCB) မှ President and CEO၊ Mr. Arthid Nanthawithaya နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကုံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့စာတိုက်လုပ်ငန်းမှ စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်မှုပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် စာတိုက်ပေါင်း ၁၃၉၀ ဖြင့် တစ်နိုင်ငံလုံးတွင် စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး မြန်မာ့စာတိုက်လုပ်ငန်း၏ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် မြန်မာ့စာတိုက်လုပ်ငန်း၏ website ဖြစ်သည့် www.myanmarepost.com တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

သုံးစွဲသူပြည်သူများ ပေးပို့သည့် အမြန်ချောပစ္စည်းများကို www.myanmarepost.com တွင် ခြေရာခံထောက်လှမ်းနိုင်ခြင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအချင်းချင်း ယနေ့ပို့ မနက်ဖြန်ရောက် အိမ်တိုင်ရာရောက်ပေးဝေခြင်းအား နေပြည်တော်ဗဟိုစာတိုက်ကြီးတွင် ဝန်ဆောင် မှုပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့စာတိုက်လုပ်ငန်းမှ တံဆိပ်ခေါင်းရောင်းခြင်း၊ ပြည်တွင်း ပြည်ပမှ ရိုးရိုးစာ၊ မှတ်ပုံတင်စာ၊ ချောထုပ်၊ ပုံနှိပ်စာရွက်စာတမ်း၊ တန်ဖိုးပေးရွေးစာ/ချောထုပ်နှင့် ရိုးရိုးငွေပို့လွှာ လက်ခံခြင်းနှင့် ပေးဝေခြင်း၊ စာတိုက်သေတ္တာငှားရမ်းခြင်း၊ ကြေးနန်းလုပ်ငန်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထို့ပြင် ထပ်ဆောင်းဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ပြည်တွင်း ပြည်ပ အမြန်ချောပို့လုပ်ငန်း၊ ပြည်တွင်း အမြန်ငွေပို့လွှာလုပ်ငန်း၊ ယနေ့ပို့ မနက်ဖြန်ရောက် အိမ်တိုင်ရာရောက်ပေးဝေခြင်း၊ နေ့ချင်းရောက်စာဝေခြင်း၊ ဒေသထွက်ကုန်များပေးဝေခြင်း၊ Online Shopping လုပ်ငန်းအား Cash On Delivery ဝန်ဆောင်မှုပေးခြင်းတို့အပြင် ဘဏ်ကိုယ်စားလှယ်လုပ်ငန်းနှင့် Mobile Money လုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာတိုက်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ သိရှိလိုပါက သုံးစွဲသူဝန်ဆောင်မှုဌာန၏ ဖုန်းနံပါတ် ၀၆၇-၃၄၂၀၈၈၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လွှတ်တော်ရုပ်သံလိုင်းတွင် ဇန်နဝါရီ ၂၉ ရက်က သတင်းထုတ်လွှင့်နေစဉ် ၅ မိနစ်ခန့် အချိန်ပိုင်းပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ပြီး ပုံမှန်အတိုင်း ဆက်လက်ထုတ်လွှင့်ပေးနိုင်ခဲ့

## နောင်တွင် အချိန်ကြာမြင့်စွာ ပြတ်တောက်ခြင်းမျိုး ထပ်မံမဖြစ်ပေါ်စေရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ထားကြောင်း တာဝန်ရှိသူများ ပြောကြား

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဇန်နဝါရီ ၂၉ ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လွှတ်တော်ရုပ်သံလိုင်းတွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပနေမှုကို တိုက်ရိုက်ထုတ်လွှင့်နေစဉ်အတွင်း မွန်းလွဲ ၂ နာရီ မိနစ် ၂၀ မှ ၂၅ မိနစ်အထိ ၅ မိနစ်ခန့် ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပြတ်တောက်ရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အင်ဂျင်နီယာချုပ် ဒေါ်ဇင်ဝါကြူအား ဆက်သွယ်မေးမြန်းရာ ၎င်းက ပြတ်တောက်မှုကို ပြန်လည်စစ်ဆေးချက်အရ လွှတ်တော်မှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း) အထိ ဖိုင်ဘာဆက်ကြောင်းတစ်လျှောက်အနက် အဆင့်မြင့်ယန္တရား ဆက်သွယ်ရေးတပ် (ရေပြာ)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရုံးချုပ်) အကြား ဖိုင်ဘာဆက်ကြောင်း၏ ချွတ်ယွင်းမှုကြောင့် ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါဆက်ကြောင်းနှင့် သက်ဆိုင်သည့် ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၏ ပြန်လည်စစ်ဆေးပြုပြင်ချက်များအရ ညနေ ၄နာရီ မိနစ် ၂၀ တွင် ပြန်လည်ကောင်းမွန်ခဲ့ကြောင်း ဖြေကြားခဲ့သည်။

### ပုံမှန်အတိုင်းထုတ်လွှင့်နိုင်ခဲ့

ပြတ်တောက်မှုအပိုင်းနှင့် ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (EIC) ဦးမျိုးမြင့်အောင်က ဖြေကြားရာတွင် ထိုနေ့က ထုတ်လွှင့်မှု ပြတ်တောက်မှုအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လွှတ်တော်ရုပ်သံလိုင်းတွင်သာ ပြတ်တောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး Sky Net လွှတ်တော်ရုပ်သံလိုင်း၊ ပြည်ထောင်စုလွှတ်တော်၏ Facebook ရှိ Live Streaming ထုတ်လွှင့်နေသည့်လိုင်း၊ ပြည်ထောင်စုလွှတ်တော် လွှတ်တော်ခန်းမအတွင်းရှိ Monitor များတွင် ပုံမှန်အတိုင်း ထုတ်လွှင့်နိုင်ခဲ့ကြောင်း။

### အစအဆုံးထပ်မံထုတ်လွှင့်ပေးနိုင်ခဲ့

ဖိုင်ဘာလိုင်း ချွတ်ယွင်း၍ အစီအစဉ်ပြတ်တောက်ချိန်တွင် ဂြိုဟ်တုဆက်ကြောင်းဖြင့် အစားထိုးထုတ်လွှင့်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ငါးမိနစ်ခန့် ကြာမြင့်ပြီးနောက် ပြန်လည်ထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ ပြတ်တောက်မှုဖြစ်ရခြင်းအတွက် ပြည်သူသို့ တောင်းပန်ခြင်းစာသားကို ထိုနေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် လွှင့်တင်နိုင်ခဲ့ကြောင်း၊ ပြတ်တောက်သွားခဲ့သည့် အပိုင်းကိုလည်း ပြန်လည်ထည့်သွင်းပြီး အစအဆုံးထပ်မံ ထုတ်လွှင့်ပေးနိုင်ခဲ့ကြောင်း ပြောပြသည်။

နောင်တွင် ချွတ်ယွင်းမှုဖြစ်ပွားပါက ယခုကဲ့သို့ အချိန်ကြာမြင့်စွာ ပြတ်တောက်ခြင်းမျိုး ထပ်မံမဖြစ်ပေါ်စေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (Admin) ဦးဝင်းသူက " လတ်တလော လုပ်ဆောင်ထားမှုအနေနဲ့ ဖိုင်ဘာဆက်ကြောင်းကို အဓိကသုံးစွဲနေမှုအစား အဲဒါကို အရန်အဖြစ်ထားရှိပြီး ဂြိုဟ်တုဆက်ကြောင်း အသုံးပြု လုပ်ဆောင်နေပါတယ်။ ဒီလို ဆောင်ရွက်နေစဉ်မှာ လွှတ်တော်နဲ့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား(ရုံးချုပ်)အကြား ဖိုင်ဘာဆက်ကြောင်းလိုင်းတစ်လျှောက်ကို ပြန်လည်စစ်ဆေးတာကို ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးနဲ့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့က တာဝန်ရှိသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။

### အစားထိုးကြည့်ရှုနိုင်ဖို့ စီစဉ်သွားမှာဖြစ်

"ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာန ဖေ့စ်ဘွတ်စာမျက်နှာမှာ လွှတ်တော်ရဲ့ တိုက်ရိုက်ထုတ်လွှင့်မှုကို ထပ်ဆင့်လွှင့်တင်ပေးသွားမှာဖြစ်ပြီး စက်ချွတ်ယွင်းမှု အပါအဝင် အကြောင်းကြောင်းကြောင့် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားရဲ့ လွှတ်တော်လိုင်းပြတ်တောက်သွားရင် အစားထိုးကြည့်ရှုနိုင်ဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။ ဖိုင်ဘာဆက်ကြောင်းလိုင်းကို ပြန်လည်စစ်ဆေးပြီးရင် အဲဒီလိုင်းကို အရင်အတိုင်း အဓိကဆက်ကြောင်းအဖြစ် ပြန်လည်သုံးစွဲပြီး ဂြိုဟ်တုဆက်ကြောင်းကို အရန်အဖြစ် အသင့်သုံးနိုင်ဖို့အတွက် စီမံထားပါတယ်"ဟု ဖြေကြားသည်။

၎င်းက ဆက်လက်လုပ်ဆောင်ရန် လျာထားမှုအနေဖြင့် မူလဖိုင်ဘာလမ်းကြောင်းအတွင်း လွှတ်တော်အဆောက်အအုံမှ ဇမ္ဗူသီရိမြို့နယ်ရှိ S-12 အိတ်ချိန်းအထိ လမ်းပိုင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ဆောင်မှုအား ဆက်လက်ရယူမည်ဖြစ်ကြောင်း၊ S-12 အိတ်ချိန်းမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရုံးချုပ်)အထိ လမ်းပိုင်းအား ပိုမိုဝန်ဆောင်မှုကောင်းမွန်သည့် ဖိုင်ဘာဆက်ကြောင်း ငှားရမ်းနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

### တာဝန်ချထားမှုစနစ် ပိုမိုဂရုပြု ဆောင်ရွက်သွားမည်

လတ်တလော လုပ်ဆောင်ထားမှုအရ လက်ရှိထုတ်လွှင့်နေသည့် ဂြိုဟ်တုဆက်ကြောင်းနှင့်အပြိုင် ပြန်လည်ကောင်းမွန်နေပြီဖြစ်သည့် ဖိုင်ဘာဆက်ကြောင်း (ပိုမိုသေချာစေရန် လမ်းကြောင်းတစ်လျှောက် ထပ်မံစစ်ဆေးနေဆဲ) နှစ်ခုစလုံးဖြင့် လွှတ်တော်ရုပ်သံထုတ်လွှင့်မှုကို ဆောင်ရွက်ပြီး တစ်ခုချွတ်ယွင်းပါက ကျန်တစ်ခုသို့ စက္ကန့်ပိုင်းအတွင်း ပြောင်းလဲနိုင်ရေးအတွက် တာဝန်ချထားမှုစနစ်ဖြင့် ပိုမိုဂရုပြု ဆောင်ရွက်သွားမည်ဖြစ်ရာ အချိန်ကြာမြင့်စွာ ပြတ်တောက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းခြင်းကြောင့် ပြတ်တောက်ရခြင်းနှင့် ပတ်သက်၍လည်း အများပြည်သူ အမြန်ဆုံးသိရှိနိုင်ရေးအတွက် စာတန်းထိုးဖော်ပြခြင်းကို ကြိုတင်စီစဉ်ထားရှိပြီး အမြန်ဆုံးလုပ်ဆောင်နိုင်ရေး စီမံထားမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသအသီးသီးမှ လူငယ်မောင်မယ်များ နေပြည်တော်အတွင်း ဆက်လက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ လူငယ်မောင်မယ်များသည် ဆဋ္ဌမအကြိမ်မြောက် လေ့လာရေးခရီးစဉ်၏ စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းသို့ရောက်ရှိကြပြီး အားကစားနည်းအလိုက် လေ့ကျင့်နေမှုများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲဝင်အားကစားနည်းများ ပြခန်းနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲမှတ်တမ်းတင် ဓာတ်ပုံများကို ကြည့်ရှုလေ့လာရာ အားကစားကွင်းတာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(MWD)သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အဆိုအကများနှင့် ဖျော်ဖြေခြင်း၊ မြဝတီရုပ်မြင်သံကြား၏ နောက်ခံသမိုင်းကို Video Projector ဖြင့် ပြသ၍ လေ့လာရေးအဖွဲ့ဝင်များက ရိုးရာယဉ်ကျေးမှုများ ဖလှယ်ခြင်း အစီအစဉ်အရ ရိုးရာအကများဖြင့် သီးခြားစီ ကပြဖျော်ဖြေကာ လေ့လာရေးအထိမ်းအမှတ်အလံကို အပြန်အလှန်ပေးအပ်ကြပြီး မြဝတီစာပေတိုက်ထုတ် စာအုပ်များနှင့် စာစောင်များကို လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ လက်ဆောင်ပေးအပ်သည်။



ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်ရေးစက်ရုံအတွင်းရှိ သတင်းရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ သတင်းထုတ်ပြန်ခြင်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များသည် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ယင်းဖူဆယ်အားကစားရုံသစ်ကို သုဝဏ္ဏဘောလုံးကွင်းပတ်လမ်းတွင် တည်ဆောက်မည်ဖြစ်ပြီး ဧပြီတွင် စတင်တည်ဆောက်မည်ဖြစ်ကာ တစ်နှစ်ဝန်းကျင်သာ ကြာမြင့်မည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံအဖြစ် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် တည်ဆောက်ထားသည့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံသာရှိပြီး ယခုကွင်းသစ်ပြီးစီးပါက အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့် ဖူဆယ်ပြိုင်ပွဲများကို ရန်ကုန်မြို့၌ လက်ခံကျင်းပနိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ဖယ်လိုင်နီ၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး တရုတ်စူပါလိဂ်ကလပ် ရှန်ဒေါင် လူအန်အသင်းနှင့် သဘောတူညီမှုအဆင့်သို့ ရောက်ရှိပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- ရီးရဲမက်ဒရစ်အသင်းသည် အင်္ဂလန်တိုက်စစ်ကစားသမား ရပ်ချ်ဖို့ဒ် (၂၁နှစ်) အား နွေရာသီတွင် မန်ယူအသင်းနှင့်စာချုပ်သက်တမ်းမတိုးမီ ပေါင်သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- ပီအက်စ်ဂျီအသင်းသည် ဒဏ်ရာရရှိနေသော နေမာ၏ နေရာကို အစားထိုးရန်အလို့ငှာ ချယ်လ်ဆီးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံ (၃၀နှစ်) အား အငှားဖြင့်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။
- ပီအက်စ်ဂျီအသင်းသည် အာဆင်နယ်အသင်းမှ အသက် ၃၀ အရွယ် ဂျာမနီကစားသမား အိုဇေးလ်အား အငှားဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်ကြောင်း မက်ထရိုတွင် ဖော်ပြထားသည်။ သို့သော်လည်း ဒေးလီးစတား၏ ဖော်ပြချက်တွင်မူ နည်းပြ အမ်မရီလက်အောက်တွင် ခြေစွမ်းကောင်းပြသရန် ရုန်းကန်နေရသူဖြစ်သော အိုဇေးလ်သည် ပြင်သစ်ကလပ်သို့ ပြောင်းရွှေ့နိုင်မည့် အခွင့်အရေးကို ပယ်ချလိုက်ကြောင်း ဖော်ပြထားသည်။
- ချယ်လ်ဆီးနည်းပြ ဆာရီသည် ဘယ်လ်ဂျီယံကစားသမား ဟာဇက် (၂၈နှစ်) အား ၎င်းအနေဖြင့် အသင်းမှထွက်ခွာဖို့ ဆန္ဒရှိပါက နွေရာသီတွင် အသင်းမှ ထွက်ခွာသွားနိုင်ကြောင်း ပြောကြားလိုက်သည် ။ **အောင်ဇော်**

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ယနေ့စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄)ကို ဖေဖော်ဝါရီ ၁၊ ၂၊ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်း၏ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲကြောင့် သောကြာနေ့တွင် စတင်ကျင်းပခြင်းဖြစ်သည်။

ပွဲစဉ် (၄) အဖြစ် ဖေဖော်ဝါရီ ၁ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် Chinland အသင်း၊ ဖေဖော်ဝါရီ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် ရှောဝတီအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဝေဿလီကွင်း၌ ရခိုင်အသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အင်္ဂါနေ့တွင် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့်ပွဲကို အဝေးကွင်း သွားရောက်ကစားရမည်ဖြစ်သော်လည်း အမှတ်ပေးချန်ပီယံဆုကို ကာကွယ်နိုင်ရန်အတွက် နိုင်ပွဲပြန်ရရန် ကြိုးစားဖွယ်ရှိနေသည်။

ပွဲစဉ် (၃)အပြီးတွင် ရန်ကုန်နှင့် ဟံသာဝတီအသင်းက ခြောက်မှတ်စီ၊ ရှမ်းယူနိုက်တက်၊ ရခိုင်၊ ရှောဝတီနှင့် ရတနာပုံအသင်းတို့က ငါးမှတ်စီ၊ စစ်ကိုင်းနှင့် ဇွဲကပင်အသင်းက လေးမှတ်စီ၊ ဒဂုံနှင့် Southern အသင်းက သုံးမှတ်စီ၊ မကွေးနှင့် Chinland အသင်းက တစ်မှတ်စီရထားသည်။ **ညီမြတ်သော်တာ**

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးဂါရဝပြုပွဲနှင့် မိတ်ဆုံပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၃၁**

မတ် ၂၄ ရက်တွင်ကျင်းပမည့် တတိယအကြိမ်မြောက် သတင်းနှင့် စာနယ်ဇင်းမှ အသက်(၈၀နှစ်)နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများ ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲအတွက် အလှူရှင် ဦးကျော်ညွှန့်ရည်-ဒေါ်ဝါဝါကျော်(ကျော်ညွှန့်ရည်စာပေ)မိသားစုက အလှူငွေကျပ် တစ်ဆယ့်ငါးသိန်းအား ပေးအပ်လှူဒါန်းရာ အသင်းအမှုဆောင်များက လက်ခံရယူကြသည်။ **(အောက်ပုံ)**

အသင်းကြီးကကြီးမှူးပြုလုပ်မည့် အဆိုပါအခမ်းအနားအတွက် ပါဝင်လှူဒါန်းလိုသူများ၊ အသက်၈၀နှစ်နှင့်အထက် အသင်းသားကြီးများနှင့်အသင်းဝင်လိုသူများ၊ နှစ်စဉ်ကြေးပေးသွင်းလိုသူများသည် အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၀၉-၄၂၀၁၀၁၃၈၉ နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း-၀၉-၄၄၀၃၇၇၆၃၆ တို့သို့ဆက်သွယ်နိုင်ကြကြောင်း သိရသည်။

**ကိုဇော်**



# ဂန္ထဝင်တေးသံရှင် စည်သူဘွဲ့ရ ဦးမင်းနောင်ကွယ်လွန်

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာ့ဂန္ထဝင်ဂီတ၏ ဆရာတစ်ဆူဖြစ်သော တေးသံရှင် စည်သူဘွဲ့ရ ဦးမင်းနောင်သည် ယနေ့ညနေ ၅နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသည်။



"ဂီတလောက အတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ ကြယ်တစ်ပွင့် ကြွေလွင့်သွားရတာ ဖြစ်ပါတယ်။ ဆရာဟာ မြန်မာ့ဂန္ထဝင်ဂီတအတွက်တော့ အတော်လေး တန်ဖိုးကြီးပါတယ်။ ဆရာ့အတွက် ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပေးသွားဖို့ရှိပါတယ်" ဟု တေးသံရှင် ပိုးအိဖြူက ပြောကြားသည်။

ဂျင်မလေးဂျမ်း၊ ဇရာ၊ သက်ဝေ၊ ခရီးသွားရင်းသီချင်းဆိုမယ်၊ လုလင်ငယ်သွေး စသည့် နာမည်ကျော်ကြားသည့် သီချင်းပေါင်းများစွာ၊ ခေတ်ပြားခွေပေါင်းများစွာ၊ ဇာတ်ဝင်တေးပေါင်းများစွာနှင့် အသံဇာတ်လမ်းပေါင်းများစွာကို သီဆိုခဲ့သူတစ်ဦးလည်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက သူ၏ ၈၈ နှစ်ပြည့်မွေးနေ့ကို မိသားစုများ၊ နာမည်ကျော် တေးသံရှင်များ၊ တပည့်များတို့နှင့် ဖြတ်သန်းခဲ့သေးသည်။ ယခုကွယ်လွန်ချိန်ဝယ် အသက် ၈၉နှစ်ပြည့်ရန်အတွက် နှစ်ရက်သာလိုတော့သည်။

"ဖေဖေ့ကျန်းမာရေး အားနည်းနေစဉ်မှာ အကူအညီတွေ၊ အားပေးမှုတွေပေးတဲ့ အနုပညာမောင်နှမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဖေဖေ့နောက်ဆုံးခရီးကို ဖေဖော်ဝါရီ ၂ ရက်နေ့မှာ ပို့ဆောင်မှာပါ။ အသေးစိတ်ကိုတော့ စီစဉ်နေဆဲပါ" ဟု စည်သူ ဦးမင်းနောင်၏ သမီးဖြစ်သူ မကလျာဦးက ပြောသည်။

စည်သူ ဦးမင်းနောင်သည် ဂန္ထဝင်တေးသံရှင် ဒေါ်ရီလေးနှင့် ဂီတလောကအတွင်း အတူတကွဖြတ်သန်းရင်း ၂၀၁၈ ခုနှစ်အတွင်းမှာပင် တေးသီချင်းများကို သီဆိုဖျော်ဖြေပေးနေခဲ့သူဖြစ်သည်။ ကွယ်လွန်ချိန်တွင် သားသမီးသုံးဦး ကျန်ရစ်ခဲ့ကြောင်း သိရသည်။ **ရှီလာ**

## မြန်မာ့ရုပ်မြင်သံကြား

**၁-၂-၂၀၁၉ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၁း၃၅ - အလုပ်သမားရေးရာ အစီအစဉ်
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၁၄) "ယစ်သခင်ကြီး" (ဒုတိယပိုင်း)

**ညပိုင်း**

၁၆း၃၅ - Weekly MNL Review (Week - 3)
၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "သွေးကြောရောင်ရောဂါ အကြောင်း သိကောင်းစရာ"
၁၇း၃၅ - Weekly Sport Info
၁၈း၂၀ - BBC Click
၁၈း၃၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "တရုတ်မလေးကို ချစ်တယ်"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၁၅) "ယစ်သခင်ကြီး" (ဇာတ်သိမ်းပိုင်း)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "နိုင်ငံတော်အလံနှင့် ဥပဒေ"
- ပြည်သူ့နီတိ "မေတ္တာရောင်ပြန်"
- "မြို့ရွှေမန်းသားလေး ဖိုးချစ် ဇာတ်သဘင်အဖွဲ့"

# တိုက်ကြီးမြို့နယ်၌ တရားမဝင်ကျွန်းသစ်ခွဲသားနှင့် တံခါးရွက်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**



တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများသည် ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက မြောက်လှိုင်ရိုးမ ကြိုးဝိုင်းအတွင်းမှ သဲဝါကွင်းနှင့် ပျဉ်းမအိုင်ကွင်းနေရာများတွင် တရားမဝင်သစ်ဖမ်းဆီးရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ တိုက်ကြီးမြို့နယ်အတွင်းမှ ကျွန်းသစ်ခွဲသား၊ တံခါးရွက် ၆ တန်ခန့်တို့ကို FUSO ခေါင်းစိမ်း ခြောက်ဘီးယာဉ်ဖြင့် သို့ဝှက်ထားသည်ကို စစ်ဆေးတွေ့ရှိရ၍ အဆိုပါ ကျွန်းသစ်များကို ဦးစီးအရာရှိရုံး၌ သယ်ဆောင်သိမ်းဆည်းထားကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# မကွေးတိုင်းဒေသကြီး၌ သုံးရက်အတွင်း မီးလောင်မှုငါးကြိမ်ဖြစ်

**မကွေး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီးအတွင်း ဇန်နဝါရီ ၂၉၊ ၃၀ နှင့် ၃၁ ရက်က ပေါက်၊ တောင်တွင်းကြီး၊ စလင်း၊ မြိုင်မြို့နယ်နှင့် မကွေးမြို့မြို့ရှောင်လမ်း အမှိုက်ပုံတို့တွင် မီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့စခန်းမှ သိရသည်။

မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ဦးကြည်စိုး (၄၃နှစ်)၏ နေအိမ်တွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၉နာရီ ၄၅ မိနစ်က ဖုန်းအားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့များ၊ တာဝန်ရှိသူများနှင့် ပြည်သူများက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မီးလုံးဝ ငြိမ်းသွားကြောင်း သိရသည်။

ထို့အတူ တောင်တွင်းကြီးမြို့နယ် စစ်တားကျေးရွာတွင် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်က ပိုင်ရှင် ဦးကြည်ဝင်း (၃၀ နှစ်)၏ သွပ်မိုးထရံကာ ပျဉ်ခင်း နှစ်ထပ် နေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အကာသို့ မီးကူးစက်လောင်ပြီး ထပ်မံ၍ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ထပ်နေ အိမ်တစ်လုံးအား ကူးစက်လောင်ခဲ့သဖြင့် မီးဘေးသင့်ပြည်သူကိုးဦးကို ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် နေထိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဇန်နဝါရီ ၃၀ ရက်က မြိုင်မြို့ အမှတ်(၂) ရပ်ကွက်ရှိ ဝေဖြိုး (၄၀နှစ်)၏ "ဝေဖြိုး - ကားဝပ်ရှော့"တွင် မြိုင်မြို့နယ် ပန်းတိုင်းတောကျေးရွာ လူမှုကူညီရေးအသင်းမှ မစ်ဆူဘစ်ရှိ ဘရန်ဒါယာဉ်အား ဝိုင်ယာရိန်းပြုပြင်နေစဉ် မီးလောင်မှုကြောင့် ပျက်စီးသွားကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနထံမှ သိရသည်။

ထို့အတူ ဇန်နဝါရီ၂၉ရက်က စလင်းမြို့နယ် ထူးပေါက်ကျေးရွာလမ်းခွဲရှိ ပိုင်ရှင် ဦးခင်မောင်လွင်(၅၃နှစ်)၏ ဝါးကပ်ထရံကာ၊ မြေစိုက်နေအိမ်တွင် မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် အကာသို့ ကူးစက်ပြီး မီးလောင်မှုဖြစ်ကာ မြေစိုက်နေအိမ်တစ်လုံး၊ စက်သုံးဆီဒီဇယ်ပီပါ နှစ်လုံး၊ အင်ဂျင်ဝိုင်လေးပီပါနှင့် ယာဉ်တစ်စီးတို့ မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေရဲစခန်းများက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဉာဏ်တိုး(ပေါက်)၊ ဇွဲထက်ရှင်**

# ဒဂုံမြို့သစ်( မြောက်ပိုင်း) မြို့နယ်တွင် မီးလောင်မှုဖြစ်၍ နေအိမ်တစ်လုံးဆုံးရှုံး

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၃)ရပ်ကွက် ခပေါင်းလမ်းတွင် ဇန်နဝါရီ ၃၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ရာ နေအိမ်တစ်လုံးနှင့် ဂိုဒေါင်တစ်လုံးဆုံးရှုံးသွားသည်။

အမှတ်(၁၁၄၅) (၄၃)ရပ်ကွက် ခပေါင်းလမ်းတွင် အိမ်ငှားနေသူ ဒေါ်ဝင်းအေး (၆၀နှစ်)၏ သွပ်မိုး ပျဉ်ထောင်ပျဉ်ခင်း တစ်ထပ်အိမ်တစ်လုံး မီးလောင်နေကြောင်း သတင်းအရ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)၊ တာမွေမြို့နယ်နှင့် နာရေးကူညီမှုအသင်း (ရန်ကုန်)တို့မှ စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ အထောက်အကူပြုယာဉ် လေးစီး၊ ကွပ်ကဲမှုယာဉ် လေးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက် နံနက် ၀၀း၀၅ နာရီတွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ရေခဲသေတ္တာ မီးထိန်းညှိစက်အပူလွန်ကဲရာမှ မီးစတင်လောင်ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းတစ်ထပ်အိမ်တစ်လုံးနှင့် ထင်းဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ငှားနေထိုင်သူ ဒေါ်ဝင်းအေးကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ တရားမဝင် ဘီယာသံဘူးနှင့် အရက်ပုလင်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မောင်တောမြို့နယ် နယ်မြေ(၅) အထက်ပြူးမကျေးရွာ အနောက်ဘက်ရှိ အထက်ပြူးမချောင်းစပ်၌ ဇန်နဝါရီ ၃၀ ရက် ညနေ ၅ နာရီခွဲတွင် ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ် စက်လှေတစ်စင်းပေါ်နှင့် စက်လှေအနီး ကမ်းပေါ်တို့၌ ဆာလာအိတ် ၁၃ အိတ်ကိုတွေ့ရှိသဖြင့် စစ်ဆေးရာ Andaman Gold တံဆိပ်ပါ ဘီယာသံဘူး ၃၅၃ ဘူးနှင့် Diablo တံဆိပ်ပါ ဘီယာသံဘူး ၇၅၂ ဘူး စုစုပေါင်း ၁၁၀၅ ဘူး၊ Eagle တံဆိပ်ပါ အရက်ပုလင်း ၂၄ လုံး၊ တန်ဖိုးငွေကျပ် ၁၆၉၄၉၀၀ ခန့်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သောကြောင့် ငါးခူရနယ်မြေရဲစခန်းသို့အပ်နှံကာ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဟိုပုံး၊ တန့်ယန်းနှင့် တွန်းဇံမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန်ဦးစီးသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက်က ဟိုပုံးမြို့နယ် ထီမောက်လွယ်ကျေးရွာ အနောက်ဘက် လေးဖာလုံခန့်အကွာ၌ အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧကကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ တန့်ယန်းမြို့နယ် မိုးကောင်းကျေးရွာပါ နှစ်ရွာ၌ ဘိန်းစိုက်ခင်း ၁၀ ဒသမ ၅ ဧကခန့်နှင့် တွန်းဇံမြို့နယ် ဘွာလ်တွောင်ကျေးရွာ၌ ဘိန်းစိုက်ခင်း ငါးဧကခန့်တို့ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မကွေးတိုင်းဒေသကြီး၌ ဇန်နဝါရီလအတွင်း အထောက်အထားမဲ့ဝင်ရောက်လာသူ ၂၄ ဦးဖမ်းမိ

**မကွေး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး၌ ဇန်နဝါရီလအတွင်းက အထောက်အထားမဲ့ ဝင်ရောက်လာသူ ၂၄ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၉ ရက်က မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်အတွင်း၌ အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၅ ဦးကို ယာဉ်တစ်စီးနှင့် လိုက်ပါပို့ဆောင်ပေးသူ ခြောက်ဦးတို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး ဇန်နဝါရီ ၂၄ ရက်ကလည်း မင်းလှမြို့နယ်အတွင်း အထောက်အထားမဲ့ ဝင်ရောက်လာသူ လေးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့အတူ မင်းလှမြို့နယ် ရေနံ့မနယ်မြေရဲစခန်းမှ ရဲအုပ်မျိုးမင်းထွန်း ဦးစီးပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်က မြောက်မျှားကုန်းကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ဝါးတောထဲမှ အမိဟူဆွင် (ခ) လှကျော်ပါ အထောက်အထားမဲ့ ဝင်ရောက်လာသူငါးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ရေနံ့မနယ်မြေရဲစခန်းမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၈ ခုနှစ်အတွင်း ရခိုင်ပြည်နယ်ဘက်မှ တရားမဝင်အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၃၁ ဦးရှိခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက အရေးယူမှုများ လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

# ဂျပန်၌ အကျဉ်းသား ၃၀၀ ကျော် တုပ်ကွေးကူးစက်ခံနေရ

**တိုကျို ဇန်နဝါရီ ၃၁**

ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် တုပ်ကွေးရောဂါပျံ့နှံ့လျက်ရှိရာ နိုင်ငံအလယ်ပိုင်းရှိ အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသား ၃၀၀ နှင့် အရာရှိများကို တုပ်ကွေးရောဂါကူးစက်နေကြောင်း သိရသည်။

အိုက်ချီစီရင်စုရှိ နာဂိုရာအကျဉ်းထောင်တွင် ဒီဇင်ဘာ ၂၀ ရက်ကတည်းက ၂၀၅ ဦးခန့် ကူးစက်ခံနေရကြောင်း ဒီဇင်ဘာ ၃၁ ရက်တွင် အဆိုပါအကျဉ်းထောင်က ပြောကြားသည်။

အကျဉ်းသား ၁၂ ရာခိုင်နှုန်းခန့် တုပ်ကွေးရောဂါကူးစက်ခံနေရခြင်းဖြစ်ရာ ငါးနှစ်အတွင်း အဆိုးရွားဆုံး ကူးစက်ပျံ့နှံ့မှုဖြစ်ကြောင်း သိရသည်။

ထို့အတူ အရာရှိ ၉၅ ဦးခန့်လည်း ရောဂါကူးစက်ခံနေရကြောင်း အဆိုပါအကျဉ်းထောင်က ဆက်လက်ပြောကြားသည်။

အကျဉ်းသားတစ်ဦးချင်းစီ၏ ကိုယ်အပူချိန်ကို ဇန်နဝါရီ ၂၆ ရက်ကတည်းက စတင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တုပ်ကွေးရောဂါကူးစက်ခံရသော အခြေအနေသည် ဇန်နဝါရီ ၂၄ ရက်က အမြင့်ဆုံးဖြစ်ခဲ့ပြီး နောက်ပိုင်းရက်များတွင် ပြန်ကျလာကြောင်း သိရသည်။ ထိုအချိန်ကတည်းက အကျဉ်းသား ၁၀၀ ခန့် တုပ်ကွေးရောဂါ ကူးစက်ခံခဲ့ရသော်လည်း ပြင်းထန်မှုမရှိကြောင်း သိရသည်။

တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုကို အဆုံးသတ်ရန် ဖြစ်နိုင်သည့် နည်းလမ်းများဖြင့် အကောင်းဆုံးကြိုးစားနေကြောင်း နာဂိုရာအကျဉ်းထောင်က ပြောကြားခဲ့သည်။

အိုက်ချီစီရင်စုတွင် တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုနှင့် ပတ်သက်၍ သတိပေးချက်ထုတ်ပြန်ထားပြီး ပြည်သူများကို တုပ်ကွေးရောဂါကူးစက်ခံရမှုမရှိအောင် ကြိုတင်ကာကွယ်ထားကြရန်လည်း တိုက်တွန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



နာဂိုရာအကျဉ်းထောင်အဝင်ဝကို တွေ့ရစဉ်။

# ဗင်နီဇွဲလားယာယီသမ္မတကို ထောက်ခံကြောင်း ထရမ့် ဖုန်းဖြင့် ဆက်သွယ်ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၃၁

**ဗင်နီဇွဲလားယာယီသမ္မတအဖြစ် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ကြေညာပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းကို ထောက်ခံကြောင်း ယမန်နေ့က ဖုန်းဖြင့် ဆက်သွယ်ပြောကြားလိုက်သည်။**

ဗင်နီဇွဲလားလက်ရှိသမ္မတ နီကိုလပ်စ် မာဒူရိုက ဗင်နီဇွဲလားနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို ဖြေရှင်းရန် အတိုက်အခံကိုယ်စားလှယ်များနှင့် ဆွေးနွေးမည်ဖြစ်သည်။

ထို့အတူ ဗင်နီဇွဲလားနိုင်ငံ၏ အပြောင်းအလဲ တစ်စုံတစ်ရာ မဖြစ်ခင်အထိ အမေရိကန်နိုင်ငံသားများအား ဗင်နီဇွဲလားနိုင်ငံသို့ မသွားရောက်ရန်လည်း သတိပေးထားကြောင်း သိရသည်။

လက်ရှိသမ္မတ မာဒူရိုက သမ္မတရာထူးမှ နုတ်ထွက်ပေးရန် ငြင်းဆိုနေသလို ၂၀၂၅ မတိုင်မီအထိ ရွေးကောက်ပွဲလုပ်ပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထို့အတူ မာဒူရိုအနေဖြင့် နိုင်ငံကောင်းစားရေးအတွက် အတိုက်အခံအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အတိုက်အခံပါတီဝင် အတော်များများ ပါဝင်ထိန်းချုပ်ထားသည့် ဗင်နီဇွဲလားလွှတ်တော်က မာဒူရို၏ သမ္မတအဖြစ် ရှိနေမှုသည် တရားမဝင်ကြောင်း ကြေညာခဲ့ပြီးနောက်ပိုင်းနှင့် အမေရိကန်အစိုးရက ဗင်နီဇွဲလားအစိုးရပိုင် ပီဒီဗီအက်စ်အေကုမ္ပဏီကို အရေးယူဒဏ်ခတ်ပြီးသည့်နောက် အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုက မိမိကိုယ်မိမိ ယာယီသမ္မတအဖြစ် ကြေညာခဲ့သည်။

“တကယ်လို့ ကျွန်တော် ဒီကနေ့ တစ်ခုခုဖြစ်သွားမယ်ဆိုရင် လူထုက ဘာလုပ်ရမလဲဆိုတာကို သိပါတယ်။ မနက်ဖြန် ဆန္ဒပြဖို့ရှိသလို စနေနေ့မှာလည်း ဆန္ဒပြဖို့ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတဲ့ တာဝန်ဝတ္တရားတွေကို ဘယ်လိုထမ်းဆောင်ရမလဲဆိုတဲ့ လမ်းကြောင်းကို လွှတ်တော်က ရှင်းရှင်းလင်းလင်း ချပြထားပါတယ်။ အဲဒါကတော့ အာဏာကို မတရားဆုပ်ကိုင်ထားတာ အဆုံးသတ်ဖို့၊ အစိုးရအကူးအပြောင်းလုပ်ဖို့နဲ့ လွတ်လပ်တဲ့ ရွေးကောက်ပွဲတွေ ကျင်းပဖို့ပဲ ဖြစ်ပါတယ်” လို့ ဂွိုက်ဒိုက ပြောသည်။

အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုကို နိုင်ငံအတွင်းမှ ထွက်ခွာခွင့်ပိတ်သိမ်းပြီး ပိုင်ဆိုင်မှုများကို ထိန်းချုပ်ရန် ဗင်နီဇွဲလား တရားရုံးချုပ်သို့ လျှောက်ထားခဲ့သည့် အစိုးရရှေ့နေချုပ် တာရက်ဝီလီယံဆက်ဘ်ကိုလည်း အမေရိကန်အမျိုးသားအကြံပေး ဂျွန်ဘော်တန်က “ဒီလုပ်ရပ်အတွက် နောက်ဆက်တွဲအကျိုးဆက်တွေ ရှိလာနိုင်တယ်” ဟု သတိပေးခဲ့သည်။

သမ္မတ မာဒူရို အာဏာရနေသည့် ခြောက်နှစ်ခန့်တွင် ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေး ဆိုးရွားလာသလို ပြည်သူ သုံးသန်းကျော် စားနပ်ရိက္ခာနှင့် အခြေခံဆေးဝါးမရှိမှုများ ခံစားခဲ့ရသောကြောင့် နိုင်ငံကို စွန့်ခွာခဲ့ကြကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဗင်နီဇွဲလား ယာယီသမ္မတ ဂျူအန်ဂွိုက်ဒို နှင့် ဖုန်းဖြင့်ဆက်သွယ်ထောက်ခံခဲ့သူ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

# ဒုတိယအကြိမ် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး အာရှနိုင်ငံတစ်ခုတွင် ကျင်းပမည်ဟု မိုက်ပွန်ပီအိုပြော

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

ဒုတိယအကြိမ် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကို အာရှနိုင်ငံတစ်ခုခုတွင် ကျင်းပနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဖောက်နယူးစ်သတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် ပွန်ပီအိုက ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

အမေရိကန် ထိပ်တန်းသံတမန်တစ်ဦးဖြစ်သည့် မိုက်ပွန်ပီအိုက ၎င်းသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်လျှော့ချရေးအတွက်သာမက မြောက်ကိုရီးယားပြည်သူများ၏ ပိုမိုကောင်းမွန်သော အနာဂတ်နှင့် လုံခြုံရေးအခြေအနေအတွက် လမ်းကြောင်းတစ်ခုပေါ်ပေါက်လာစေမည့် အခြေခံအုတ်မြစ်တစ်ခု ချမှတ်ရန် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကင်ဂျုံအန်းတို့သည် ပြီးခဲ့သည့် ဇွန်လက စင်ကာပူ၌ သမိုင်းဝင်ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြသည်။

စင်ကာပူအစည်းအဝေးပြီးနောက်တွင် ဖော်ပြခဲ့သည့် ပူးတွဲထုတ်ပြန်ချက်အရ အမေရိကန်သည် နျူကလီးယားလက်နက်လျှော့ချရေး လုပ်ဆောင်မည်ဟူသော ကတိပေးအပ်မှုကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားကို လုံခြုံရေးဆိုင်ရာ ခိုင်မာ သေချာစေရန် ဆောင်ရွက်ပေးမည်ဟု ဆိုထားသည်။

အိမ်ဖြူတော်က ဒုတိယအကြိမ် ထရမ့်နှင့် ကင်တို့၏ ထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီလကုန်ခါနီးတွင် ကျင်းပမည်ဟု ကြေညာခဲ့သည်။

သို့သော်လည်း မည်သည့်နေရာတွင် ကျင်းပမည်ဖြစ်ကြောင်း မဖော်ပြခဲ့ပေ။ ယင်းအစည်းအဝေးကို ဗီယက်နမ်၌ ကျင်းပနိုင်သည်ဟုလည်း သတင်းများ ပေါ်ထွက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အက်ပဲလ်ကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးကို အချက်အလက်များခိုးယူမှုဖြင့် ဖမ်းဆီး

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်အာဏာပိုင်များသည် အက်ပဲလ်နည်းပညာကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးကို ကုမ္ပဏီ၏ အလိုအလျောက်မောင်းစနစ်သုံး မော်တော်ယာဉ်ပရောဂျက်နှင့် ပတ်သက်သည့် အချက်အလက်များ ခိုးယူခဲ့မှုဖြင့် ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အက်ဖ်ဘီအိုင်က အဆိုပါအင်ဂျင်နီယာကို ပြီးခဲ့သည့် ရက်သတ္တပတ် အင်္ဂါနေ့က ကယ်လီဖိုးနီးယားပြည်နယ် ခရိုင်တရားရုံးတစ်ခုတွင် ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အက်ဖ်ဘီအိုင်မှ စာရွက်စာတမ်းအထောက်အထားများအရ ကျီဟောင်ချန်အမည်ရှိ အဆိုပါအမျိုးသားသည် ၂၀၁၈ ခုနှစ် ဇွန်လတွင် မောင်းသူမဲ့ကားပရောဂျက်တစ်ခုအတွက် ဟာ့ဒ်ဝဲပိုင်းဆိုင်ရာ မြှင့်တင်ရန် အက်ပဲလ်ကုမ္ပဏီသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အက်ပဲလ်ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက ဇန်နဝါရီ ၁၁ ရက်တွင် ပရောဂျက်အတွက် လုပ်ငန်းခွင်နေရာတစ်ခုကို ချန်က ဓာတ်ပုံရိုက်ကူးနေသည်ကို တွေ့ခဲ့ပြီး ယင်းကိစ္စကို ကုမ္ပဏီသို့ သတင်းပို့ခဲ့သည်။ ချန်သည် ၎င်း၏ ကိုယ်ပိုင်သုံးကွန်ပျူတာ၌ ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များပါဝင်သည့် ဖိုင်ပေါင်း ၂၀၀၀ ကျော်ကို သိမ်းဆည်းထားခဲ့ကြောင်း တွေ့ရှိခဲ့သည်ဟု စွပ်စွဲခံထားရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မလေးရှားနိုင်ငံ၏ ၁၆ ဦးမြောက်ဘုရင် ကျမ်းသစ္စာကျိန်ဆို

**ကွာလာလမ်ပူ ဇန်နဝါရီ ၃၁**

ဆူလ်တန်အဗ္ဗဒူလာဆူလ်တန်အာမတ်ရှားသည် ဇန်နဝါရီ ၃၁ ရက်က အမျိုးသားနန်းတော်၌ပြုလုပ်သည့် အခမ်းအနားတွင် မလေးရှားနိုင်ငံ၏ ၁၆ ဦးမြောက်ဘုရင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အဗ္ဗဒူလာသည် အခြားသော ဘုရင်ခံများ၏ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခြင်းနှင့် တာဝန်အပ်နှင်းခြင်းအား လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ခဲ့သည်။

မလေးရှားနိုင်ငံ ပါဟန်းပြည်နယ်ဘုရင်ခံလည်းဖြစ်သော အဗ္ဗဒူလာသည် ပီရတ်ပြည်နယ် ဘုရင်ခံ ဆူလ်တန်နာဇရင်းနှင့်အတူ လာမည့်ငါးနှစ်တာအတွက် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

ဘုရင်သစ် ရာထူးအပ်နှင်းခြင်းအခမ်းအနားသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်လည်း ၎င်း၏အစိုးရအဖွဲ့နှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။

အသက် ၅၉ နှစ်ရှိ အဗ္ဗဒူလာသည် အားကစားတွင် ထဲထဲဝင်ဝင်ပါဝင်မှုရှိပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ကောင်စီဝင်တစ်ဦးလည်းဖြစ်သလို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ကောင်စီဝင်တစ်ဦးလည်းဖြစ်သည်။ ထို့ပြင် ၎င်းသည် မလေးရှားနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌလည်းဖြစ်သည်။

လွန်ခဲ့သည့် ဇန်နဝါရီ ၆ ရက်က ဘုရင်ဟောင်းလည်းဖြစ် ကက်လန်တန်ပြည်နယ်ဘုရင်ခံလည်းဖြစ်သူ ဆူလ်တန်မူဟာမက်-၅ ရာထူးမှ နုတ်ထွက်သွားပြီးနောက် မလေးရှားနိုင်ငံ၏ ၁၆ ဦးမြောက်ဘုရင်အဖြစ် ဆူလ်တန်အဗ္ဗဒူလာဆူလ်တန်အာမတ်ရှားသည်ယခုလို ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**



မလေးရှားနိုင်ငံ၏ ၁၆ ဦးမြောက်ဘုရင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော ဆူလ်တန်အဗ္ဗဒူလာဆူလ်တန်အာမတ်ရှား

# ဗင်နီဇွဲလားနိုင်ငံရေး

ကလျာမိုးမြင့်

**ဗင်နီဇွဲလားနိုင်ငံမှာ နိုင်ငံရေးအခြေအနေတွေ ရှုပ်ထွေးနေချိန် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို တရားရုံးချုပ်က နိုင်ငံအတွင်းကနေ ထွက်ခွာခွင့်ကို ပိတ်ပင်လိုက်ပြီး ၎င်းရဲ့ဘဏ်အကောင့်တွေကိုပါ ပိတ်ပစ်လိုက်ပြီဖြစ်ပါတယ်။ အာဏာရရှိဖို့ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲနေကြတဲ့အချိန်မှာ မစ္စတာ ဂွိုက်ဒိုက မိမိကိုယ်ကို ဗင်နီဇွဲလားရဲ့ယာယီသမ္မတအဖြစ် ပြီးခဲ့တဲ့ရက်သတ္တပတ်က ကြေညာလိုက်ပြီးတဲ့နောက်မှာ မစ္စတာ ဂွိုက်ဒိုရဲ့ပိုင်ဆိုင်မှုတွေကို တရားရုံးချုပ်က အခုလိုထိန်းချုပ်လိုက်တာ ဖြစ်ပါတယ်။**




ဆန္ဒထုတ်ဖော်နေသည့် ဗင်နီဇွဲလားပြည်သူများကို တွေ့ရစဉ်။

ဂွိုက်ဒိုကို အမေရိကန်နဲ့ တခြားနိုင်ငံတွေက ကျောထောက်နောက်ခံပေးနေသလို သမ္မတ နီကိုးလပ်စ်မာဒူရိုဘက်မှာလည်း ရုရှားအပါအဝင် ၎င်းရဲ့အကြီးစားမဟာမိတ်တွေ ရှိနေပါတယ်။ မာဒူရိုက ၎င်းအနေနဲ့ အတိုက်အခံတွေနဲ့ ညှိနှိုင်းမှုတွေလုပ်ဖို့ ပြင်ဆင်ထားတယ်လို့ အင်တာဗျူးတစ်ခုတည်းမှာ ဆိုထားပါတယ်။

**နိုင်ငံရေးအကျပ်အတည်းနောက်ကွယ်မှာ ဘာတွေရှိလဲ**

"ဗင်နီဇွဲလားရဲ့ကောင်းကျိုးအတွက် စကားပြောဆိုကြဖို့ ကျွန်တော့်အနေနဲ့ ညှိနှိုင်းရေးစားပွဲပေါ်နေရာယူဖို့ အသင့်ပဲ"လို့ မာဒူရိုက ရုရှားသတင်းအေဂျင်စီသို့ ပြောခဲ့ပါတယ်။ မစ္စတာ မာဒူရိုဟာ သမ္မတရွေးကောက်ပွဲ စောစောကျင်းပရေးကို ပယ်ချခဲ့ပြီး ၂၀၂၅ အထိ နောက်ထပ် ရွေးကောက်ပွဲလုပ်ဖို့ မရှိဘူးလို့ ပြောခဲ့တယ်။ ဒါပေမယ့် ကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးမှုပုံစံတစ်ခုအနေနဲ့တော့ ပါလီမန်ရွေးကောက်ပွဲတွေ စောစောကျင်းပဖို့ အားပေးထောက်ခံသွားမယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ စနေနေ့မှာ ဥရောပသမဂ္ဂက သမ္မတ မာဒူရိုကို ရှစ်ရက်အတွင်း ရွေးကောက်ပွဲတွေ ကျင်းပဖို့ လုပ်ရင်လုပ်၊ မလုပ်ရင် အတိုက်အခံ မစ္စတာ ဂွိုက်ဒိုကို သမ္မတအဖြစ် အသိအမှတ်ပြုလိုက်မယ်လို့ ရာဇသံပေးလိုက်ပါတယ်။

**ဆန္ဒပြဖို့ အတိုက်အခံဘက်ကတိုက်တွန်း**

အတိုက်အခံဘက်က ၎င်းကို ထောက်ခံသူတွေကို နှစ်နာရီကြာအောင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြဖို့ တိုက်တွန်းနေပါတယ်။ မြောက်အမေရိကနဲ့ တောင်အမေရိကနိုင်ငံတွေပါဝင်တဲ့ အဖွဲ့က ပြည်ပကဘယ်စစ်ဘက်မှ ဒီကိစ္စကို ဝင်မပါကြဖို့ ကန့်ကွက်ခဲ့ပါတယ်။ ပီရူးနိုင်ငံခြားရေးဝန်ကြီး နက်စတာ ပိုပိုလိုဇီယိုက ဗင်နီဇွဲလားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခအတွက် ငြိမ်းချမ်းစွာအဖြေရှာနိုင်ဖို့ ၂၀၁၇ မှာ ဖွဲ့စည်းလိုက်တဲ့ ၁၄ နိုင်ငံအဖွဲ့ဟာ စစ်ရေးအရ ကြားဝင်စွက်ဖက်တာကို ကန့်ကွက်တယ်လို့ Lima Group သို့ ပြောကြားခဲ့ပါတယ်။ ပဋိပက္ခကို ဖြေရှင်းနိုင်ဖို့ နည်းလမ်းတွေအားလုံးဟာ စားပွဲပေါ်မှာပဲရှိတယ်လို့ အမေရိကန်အာဏာပိုင်တွေကလည်း ပြောပါတယ်။

**နိုင်ငံစွန့်ခွာထွက်ပြေး**

ဗင်နီဇွဲလားဟာ စီးပွားရေးပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ လုံးလည်လိုက်နေပြီး ပြီးခဲ့တဲ့ ရက်သတ္တပတ်တွေအတွင်းမှာ ဆူပူအုံကြွမှုတွေလည်း ဖြစ်ပွားခဲ့ပါတယ်။ ဇန်နဝါရီ ၁၀ ရက်မှာ သမ္မတ မာဒူရိုက ဒုတိယသက်တမ်းကို စတင်ထမ်းဆောင်တဲ့အချိန်ကစပြီး နိုင်ငံတစ်ဝန်းမှာ ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့တယ်။ ပြီးခဲ့တဲ့နှစ်က အငြင်းပွားစရာတွေဖြစ်ခဲ့တဲ့ ရွေးကောက်ပွဲအတွင်းမှာ ၎င်းကို ရွေးကောက်တင်မြှောက်ခဲ့တာဖြစ်ပြီး အတိုက်အခံကိုယ်စားလှယ် တော်တော်များများကို ရွေးကောက်ပွဲအတွင်း ယှဉ်ပြိုင်ခွင့်မရအောင် ပိတ်ပင်တာတွေ၊ ဖမ်းဆီးထောင်ချတာတွေ လုပ်ခဲ့ပါတယ်။ ဇန်နဝါရီ ၂၁ ရက်ကစပြီး လူ ၄၀ ထက်မနည်း သေဆုံးခဲ့ရသလို လူရာနဲ့ချီ ဖမ်းဆီးခံခဲ့ရတယ်လို့ ကုလသမဂ္ဂက ဖော်ပြခဲ့ပါတယ်။ အစားအသောက်နဲ့ဆေးဝါး ပြတ်လပ်မှုကလည်း ဗင်နီဇွဲလားပြည်သူတွေကို နိုင်ငံစွန့်ခွာထွက်ပြေးသွားစေခဲ့ပါပြီ။

**တရားရုံးချုပ်ကဆုံးဖြတ်**

နိုင်ငံတော်ရှေ့နေချုပ် တာရက်ခ် ဝီလီယမ်ဆာအက်ဘ်က အတိုက်အခံခေါင်းဆောင် မစ္စတာ ဂွိုက်ဒိုကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့ တောင်းဆိုလိုက်ပြီးနောက် အင်္ဂါနေ့မှာ သမ္မတ မာဒူရိုကို သစ္စာခံတဲ့ တရားရုံးချုပ်က မစ္စတာ ဂွိုက်ဒိုကို ထိန်းချုပ်မှုတွေလုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အခုချိန်မှာတော့ အတိုက်အခံခေါင်းဆောင်ကို နိုင်ငံအတွင်းမှာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်လုပ်ဆောင်ခဲ့တာတွေအတွက် ကနဦးစုံစမ်းစစ်ဆေးမှုတွေ မပြုလုပ်မီ နိုင်ငံအတွင်းကနေထွက်ခွာခွင့်ကို ပိတ်ပင်လိုက်ပြီဖြစ်ပါတယ်။

ပါလီမန်လွှတ်တော်သို့ ရောက်ရှိခဲ့စဉ် မစ္စတာ ဂွိုက်ဒိုက သတင်းသမားတွေနဲ့ စကားပြောဆိုခဲ့ရာမှာ ၎င်းကို ဒီလိုလုပ်တာဟာ အသစ်အဆန်းတစ်ခု မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ ခုချိန်မှာ ခြိမ်းခြောက်မှုတွေ၊ ဖမ်းဆီးနှိပ်စက်တာတွေကို ခေါင်းထဲ မရှိတာတော့ မဟုတ်ဘူး။ ဒါပေမယ့် ကျွန်ုပ်တို့ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်နေကြတာဖြစ်တယ်လို့ ၎င်းက ဆိုပါတယ်။ အမေရိကန်က ဗင်နီဇွဲလားမှာရှိတဲ့ အမေရိကန်ရဲ့ဘဏ်အကောင့်တွေကို ထိန်းချုပ်ခွင့်ကို မစ္စတာ ဂွိုက်ဒိုဆီသို့ ပေးလိုက်ကြောင်း ပြောခဲ့ပြီး မကြာခင်မှာပဲ တရားရုံးချုပ်က ၎င်းရဲ့ ပိုင်ဆိုင်မှုတွေကို ထိန်းချုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က တရားရုံးချုပ်ရဲ့ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ဒီမိုကရေစီကို အားယုတ်အောင် လုပ်နေပြီး မစ္စတာ ဂွိုက်ဒိုကို ထိခိုက်နစ်နာအောင် လုပ်တဲ့သူတွေဟာ ပြင်းထန်တဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကို ရင်ဆိုင်လာရနိုင်တယ်လို့ တွစ်တာပေါ်မှာ သတိပေးရေးသားမှုတွေနဲ့ တုံ့ပြန်ထားပါတယ်။

**မိမိကိုယ်ကို သမ္မတလို့ အခိုင်အမာပြောနေတဲ့ ဂွိုက်ဒို**

အတိုက်အခံခေါင်းဆောင် မစ္စတာ ဂွိုက်ဒိုက လက်ရှိသမ္မတက တရားမဝင်ဘူးလို့ ယူဆနိုင်တဲ့ အချိန်မှာ အောက်လွှတ်တော်ရဲ့ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အာဏာကို အခိုက်အတန့်အားဖြင့် ရယူဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေက ၎င်းကို ခွင့်ပြုထားတယ်လို့ ပြောနေပါတယ်။ ကျွန်ုပ်ရဲ့တာဝန်ကတော့ လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်မြောက်ရေး တောင်းဆိုဖို့ပဲ၊ ဘာကြောင့်လဲဆိုတော့ အာဏာအလွဲသုံးမှုရှိနေတဲ့အပြင် အာဏာရှင်စနစ်တစ်ခုအောက်မှာ ကျွန်ုပ်တို့ နေထိုင်နေကြရလို့ပဲလို့ မစ္စတာ ဂွိုက်ဒိုက ဖွင့်ဟခဲ့ပါတယ်။ သမ္မတ မာဒူရို အစိုးရအဖွဲ့ဟာ လမ်းတွေပေါ်မှာ ငယ်ရွယ်တဲ့ ဆင်းရဲသားပြည်သူတွေကို သတ်ဖြတ်နေတယ်လို့လည်း ၎င်းက ပြောပါတယ်။

**အမေရိကန်က ဘယ်လိုဆောင်ရွက်နေသလဲ**

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အမေရိကန်လုံခြုံရေးအကြံပေး မစ္စတာ ဂျွန်ဘော်လ်တန်က ဗင်နီဇွဲလားပြည်သူတွေရဲ့ဥစ္စာနေတွေကို မာဒူရိုအနေနဲ့ ကြာကြာရယူနိုင်တော့မှာ မဟုတ်ဘူးဆိုတာကို ခိုင်မာသေချာစေဖို့ ဗင်နီဇွဲလားနိုင်ငံပိုင်ရေနံကုမ္ပဏီ PDVSA ကို ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်ဆောင်လိုက်ကြောင်း ကြေညာခဲ့ပါတယ်။ ပြီးတော့လည်း ဘော်လ်တန်က စစ်ရေးအရ ဆောင်ရွက်မယ့်အရိပ်အယောင်ကိုလည်း ဖော်ပြခဲ့ပါတယ်။ ဗင်နီဇွဲလားနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ကိုလံဘီယာမှာ တပ်ဖွဲ့ဝင်အယောက် ၅၀၀၀ စေလွှတ်ဖို့ဆိုတဲ့ စကားလုံးတွေနဲ့ စောင်းပါးရိပ်ခြည်ပြောခဲ့တာ ဖြစ်ပါတယ်။

**ဗင်နီဇွဲလားသို့ မသွားကြဖို့တိုက်တွန်း**

ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ အမေရိကန် ကာကွယ်ရေးဝန်ကြီးအဖြစ် ဆောင်ရွက်နေတဲ့ ပက်ထရစ် ရှာနာဟန်က ပင်တဂွန်အနေနဲ့ တပ်ဖွဲ့ဝင်တွေစေလွှတ်ဖို့ စဉ်းစားနေခြင်း ရှိ မရှိ ဆိုတာနဲ့ ပတ်သက်ပြီး ပြောဖို့ကို ငြင်းဆန်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်တွင်းမငြိမ်သက်မှုတွေ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံနည်းပါးမှုတွေနဲ့ အမေရိကန်နိုင်ငံသားတွေကို ထင်သလိုဖမ်းဆီးထိန်းသိမ်းမှုတွေ လုပ်ဆောင်နေတဲ့အတွက်ကြောင့်ဆိုပြီး အမေရိကန်နိုင်ငံသားတွေ ဗင်နီဇွဲလားနိုင်ငံဆီ မသွားကြဖို့ တိုက်တွန်းတဲ့ ခရီးသွားလာခွင့်အကြံပြုချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

မစ္စတာ ဂွိုက်ဒိုကို ယာယီအစိုးရအဖြစ် အမေရိကန်နည်းတူ အသိအမှတ်ပြုတဲ့နိုင်ငံပေါင်း ၂၀ ကျော် ရှိပါတယ်။ သို့သော်လည်း ရုရှား၊ တရုတ်၊ မက္ကဆီကိုနဲ့ တူရကီနိုင်ငံတွေ တစ်ခဲနက်ထောက်ခံပေးနေတာကတော့ မာဒူရိုမှ မာဒူရိုပါပဲ။ ။

**ကိုးကား - ဆင်ဟွာ၊ အေအက်ဖ်ပီ**

## "ဂျွန်ဘော်လ်တန်က တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ဒီမိုကရေစီကို အားယုတ်အောင်လုပ်နေပြီး မစ္စတာ ဂွိုက်ဒိုကို ထိခိုက်နစ်နာအောင် လုပ်တဲ့သူတွေဟာ ပြင်းထန်တဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေကို ရင်ဆိုင်လာရနိုင်တယ်လို့ တွစ်တာပေါ်မှာ သတိပေးရေးသား"

# နိုင်ငံတကာသတင်းတိုထွာ

## အာဖဂန်အရှေ့ပိုင်း၌ စစ်သွေးကြွများလက်နက်ချအလင်းဝင်

**ဂျလာလာဘတ် ဇန်နဝါရီ ၃၁**

အာဖဂန်အရှေ့ပိုင်း နန်ဂရဟာပြည်နယ်တွင် အစိုးရကို ဆန့်ကျင်မှုများပြုလုပ်နေသည့် တာလီဘန်စစ်သွေးကြွအယောက် ၂၀နှင့် အိုင်အက်စ် တိုက်ခိုက်ရေးအဖွဲ့ဝင် တစ်ဦး စုစုပေါင်း ၂၁ ဦးတို့ လက်နက်ချအလင်းဝင်ခဲ့ကြကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။ ဂါနီခီလ်၊ မိုမန်ဒါရာ၊ ခိုဂျီယာနီနှင့် အာချင်ဒေသတို့မှ တာလီဘန်စစ်သွေးကြွ ၂၀ ဦးတို့သည် ဗုဒ္ဓဟူးနေ့တွင် ဂျလာလာဘတ်ရှိ အာဏာပိုင်များထံ၌ လက်နက်များပေးအပ်ကာ အလင်းဝင်ခဲ့ကြကြောင်း ဖော်ပြထားသည်။ အိုင်အက်စ်အဖွဲ့ကို သစ္စာခံသူတစ်ဦးမှာလည်း ဒေသအာဏာပိုင်များထံ လက်နက်ချအညံ့ခံခဲ့ကြောင်း သိရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ တာလီဘန်များထံမှ မှတ်ချက်ပေါ်ထွက်မလာသေးကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်က ဂျပန်ကို မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်သစ် ရောင်းချမည်

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဘီလီယံတန်ဖိုးရှိ မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်သစ် (အေးဂျစ်) အား ဂျပန်ကို ရောင်းချရန် အတည်ပြုခဲ့သည်။

အားကောင်းပြီးထိရောက်သည့် ကိုယ်ပိုင်ကာကွယ်ရေးစွမ်းရည် တိုးတက်လာစေရန်အတွက် ယင်းစနစ်သည် မရှိမဖြစ်လိုအပ်ကြောင်းနှင့် ယခုစနစ်များကို ရောင်းချလိုက်သည့်အတွက် ဒေသတွင်း စစ်ရေးဆိုင်ရာအခြေအနေကိုလည်း ပြောင်းလဲစေမည်မဟုတ်ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ယင်းစနစ်ကို ဂျပန်နိုင်ငံအရှေ့မြောက်ဘက် အာခီတာခရိုင်ရှိ မြို့များနှင့် နိုင်ငံအနောက်ဘက် ယာမာဂူချီခရိုက်က ဟာဂီမြို့ရှိ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ လေ့ကျင့်ရေးစခန်းများတွင် တပ်ဆင်ရန် စဉ်းစားနေကြောင်း သိရသည်။

အမေရိကန်အစိုးရသည် ယခုကဲ့သို့ ဂျပန်နိုင်ငံကို ယင်းဒုံးကျည်စနစ်နှစ်ခုနှင့် ဆက်စပ်ပစ္စည်းများရောင်းချရန် အတည်ပြုကြောင်း လွှတ်တော်ကို အကြောင်းကြားထားသော်လည်း လွှတ်တော်၏ ခွင့်ပြုချက်လိုနေသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းအချက်အလက်များစာစောင် မိတ်ဆက်ရှင်းလင်း

**တောင်ကြီး ဇန်နဝါရီ ၃၁**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ရှမ်းပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ စာစောင် (Citizen's Budget)မိတ်ဆက်ရှင်းလင်းပွဲကို ဇန်နဝါရီ ၃၁ ရက်က တောင်ကြီးမြို့ Taunggyi City ဟိုတယ်၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအနေဖြင့် အစိုးရ၏ လုပ်ငန်းတာဝန်များ၊ ရငွေနှင့် အသုံးစရိတ်များကို ပြည်သူများ ပိုမိုသိရှိနားလည်ရန်နှင့် တာဝန်ယူတာဝန်ခံမှုရှိသည့် အစိုးရစနစ်တစ်ရပ် ဖြစ်လာစေရန် ရှေးရှုပြီး ပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင်ကို ထုတ်ဝေခြင်းဖြစ်ကြောင်း၊ ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ကို ထုတ်ဝေနိုင်ခြင်းသည် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရန်နှင့် အစိုးရလုပ်ငန်းများတွင် ပြည်သူလူထုကိုပါ ပါဝင်စေသည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန် ပြည်နယ်အစိုးရက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်နယ်၏ ပြည်သူ့ဘဏ္ဍာရေးစနစ် ပိုမိုခိုင်မာအားကောင်းလာရေးနှင့် ပြည်သူများ ပါဝင်နိုင်ခွင့်ရှိသော မူဝါဒရေးဆွဲမှုများ၊ အစိုးရ အသုံးစရိတ်သုံးစွဲမှုများ ဖြစ်စေရေးအတွက် အားထုတ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တွင် အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။


ရှမ်းပြည်နယ်၏ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် ရှင်းလင်းပြောကြားစဉ်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် Renaissance Institute မှ ဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ စာစောင်အကြောင်းကို မိတ်ဆက်ရှင်းလင်းကြကာ ရှင်းလင်းပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများတက်ရောက်ခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မင်းဘူးမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**မင်းဘူး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မယ်ဘော့ကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့ရာ အထိမ်းအမှတ်မှတ်ဉီးကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဖေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် လူမှုရေးဝန်ကြီးက ပညာရေးကို ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင်ကြိုးစားရာတွင် အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင် ဖွင့်လှစ်ပေးခြင်းသည် အရေးအကြီးဆုံးအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း မကွေးတိုင်းဒေသကြီး၌ ကျောင်းပေါင်း ၁၀၅၄ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည့်အနက် အထက(ခွဲ)မှ အထကအဖြစ် ၄၇ ကျောင်းကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူးက ပညာရေး လုပ်ငန်းစဉ်များနှင့် ကျောင်းများ အဆင့်တိုးမြှင့်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

**မျိုးမြတ် (မင်းဘူး)**

# နန်ဆန်ယန်ကျေးရွာမှ တိုက်ပွဲရှောင်ပြည်သူများအား ပြန်လည်ပြောင်းရွှေ့ပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်းသို့ ရောက်ရှိနေကြသည့် နန်ဆန်ယန်ကျေးရွာမှ တိုက်ပွဲရှောင်ပြည်သူများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဇာတိမြေ နန်ဆန်ယန်ကျေးရွာသို့ ဇန်နဝါရီ ၃၀ ရက်က ပြန်လည်ပြောင်းရွှေ့နေရာချထားပေးခဲ့ကာ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ပစ္စည်းများလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းသို့ ရောက်ရှိနေသော အိမ်ထောင်စု ၁၀ စုနှင့် မိုင်းနားကျေးရွာ တိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ခုနစ်စုတို့အား ဝိုင်းမော်မြို့၌ စုစည်း၍ နယ်မြေခံတပ်ဖွဲ့နှင့် တာဝန်ရှိသူများက တပ်မတော်မော်တော်ယာဉ် ၁၄ စီးဖြင့် အိမ်ထောင်ပရိဘောဂပစ္စည်းများကိုပါ သယ်ဆောင်ပေး၍ နန်ဆန်ယန်ကျေးရွာသို့ ပို့ဆောင်နေရာချထားပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် နန်ဆန်ယန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးအခမ်းအနားကို ဆက်လက်ကျင်းပပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းက ပြန်လည် နေရာချထားရေး ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ပြောင်းရွှေ့အိမ်ထောင်စု ၁၇ စုမှ လူဦးရေ ၁၀၅ ဦးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ပြန်လည်ထူထောင်ရေး ထောက်ပံ့ပစ္စည်းများအဖြစ် တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုများက ဆန် ၅၂ အိတ်၊ ကုလားပဲ ၁၅၇ ပိဿာ၊ ဆီနှင့်အိုင်အိုဒင်းဆား ၁၀၅ ပိဿာစီ၊ ကြက်သွန် ဖြူ/နီ၊ အာလူးနှင့် စားသောက်ကုန်များကို ပေးအပ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စုသုံးပစ္စည်း ၁၇ မျိုးပါ Family Kit ၁၅ ပုံး၊ ဘုန်းတော်ကြီးနှစ်ပါးအတွက် ပစ္စည်း ၁၁ မျိုးပါ Family Kit နှစ်ပုံး၊ လူ ၁၀၅ ဦးအတွက် ဆန် ၃၂ အိတ်၊ ဆီပိဿာ ၃၀၊ ပဲ ပိဿာ ၃၀၊ ဆား ၁၅ ပိဿာ၊ နေအိမ်များ ပြန်လည်ပြုပြင်ဆောက်လုပ်ရန် ထောက်ပံ့ငွေ ကျပ် ၂၀၇၀၀၀၀၊ သွပ် အချပ် ၁၈၀ နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆေးစိမ်ခြင်ထောင်များကို ပေးအပ်ခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်း သံတွဲမြို့၌ဖွင့်လှစ်

**သံတွဲ ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် IOM၊ USAID အဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းကို ဇန်နဝါရီ ၃၀ ရက်က သံတွဲမြို့နယ် ဒွါရာဝတီခန်းမ၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲသို့ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် သံတွဲခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က သဘာဝဘေးအန္တရာယ်နှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များနှင့် သဘာဝဘေးလျော့ပါးရေးစီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ IOM အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သင်တန်းအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ အမှာစကားပြောကြားစဉ်။

အဆိုပါသင်တန်းသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရများ၊ မြန်မာနိုင်ငံနှင့် သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲခြင်း၊ ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ခြင်း၊ ဆုံးရှုံးနိုင်ခြေလျော့ပါးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ မြန်မာနိုင်ငံ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်၊ ကျင့်ဝတ်၊ စည်းမျဉ်းနှင့် အခြေခံမှုများ၊ ရပ်ရွာလူထုကိုအခြေခံသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စသည့် သင်ခန်းစာများကို IOM အဖွဲ့မှ ကျွမ်းကျင်ပညာရှင်များက ငါးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

IOM အဖွဲ့သည် ၂၀၁၅ ခုနှစ်မှစ၍ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ယခုဆိုလျှင် စစ်တွေ၊ ကျောက်ဖြူနှင့် သံတွဲခရိုင်တို့၌ စီမံကိန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက် ရေးဆွဲနိုင်ရေးအတွက် စီမံကိန်းဧရိယာများ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလွှမ်းခြုံရာ ဒေသများတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက် လုပ်ငန်းစဉ်များကိုပါ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - မောင်စိန်လွင်၊ မျိုးမြင့်**
**ဓာတ်ပုံ - သန့်ဇင်(ပြန်/ဆက်)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ရေနံကုမ္ပဏီသည် ကမ်းလွန်ရတနာစီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ၃၆ လက်မ ပိုက်လိုင်းဖြင့် ဆက်သွယ်၍ ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ အဆိုပါ ၃၆ လက်မပိုက်လိုင်းအား ROV Inspections and Maintenance Operations လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဓမင်းဆိပ်ကမ်းခြေမှ ရတနာပလက်ဖောင်းအထိ M.V.POSH DAUNTLESS (Call Sign: T2HH5) ရေယာဉ်ဖြင့် 36" Pipe Line Sub-sea pipeline span rectification လုပ်ငန်းများအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

36" Pipe Line Sub-sea pipeline span rectification ဆောင်ရွက်မည့် ပိုက်လိုင်းတစ်လျှောက် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| Point | Latitude | Longitude |
|---|---|---|
| Daminseik Shore | 14° 34' 30.8172" N | 97° 40' 33.9423" E |
| Yadana Platfrom | 14° 55' 58.2132" N | 95° 43' 41.4451" E |

သို့ဖြစ်ပါ၍ ဓမင်းဆိပ်ကမ်းခြေမှ ရတနာပလက်ဖောင်းအထိ M .V.POSH DAUNTLESS (Call Sign: T2HH5) ရေယာဉ်ဖြင့် 36" Pipe Line Sub-sea pipeline span rectification လုပ်ငန်းများအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းတစ်လျှောက်၏ ဘေးဘယ်ညာ ၂.၅ မိုင် ပတ်လည်အတွင်းသို့ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မဲဆန္ဒရှင်စာရင်းများ စိစစ်ပြုစုနိုင်ရေးနှင့် မဲရုံများ လျာထားနိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေး

**ဘုတလင် ဇန်နဝါရီ ၃၁**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ စိစစ်ပြုစုနိုင်ရေးနှင့် မဲရုံများ လျာထားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဘုတလင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇော်က အမှာစကားပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝင်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ အလွယ်တကူ ဆန္ဒမဲပေး နိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ စိစစ်ပြုစုနိုင်ရေးနှင့် မူလမဲရုံ၊ ထပ်မံတိုးချဲ့ဖွင့်လှစ်ရမည့် မဲရုံများနှင့် နေရာပြောင်းရွှေ့ဖွင့်လှစ်ရမည့် မဲရုံများအကြောင်းတို့ကို ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များက မဲဆန္ဒနယ် အမှတ် (၁) အတွင်းမှ မဲဆန္ဒရှင်ဦးရေ ၃၀၀၀ ကျော်ရှိသည့် မောင်းထောင်ကျေးရွာ၊ ငပယင်းကျေးရွာနှင့် လမ်းပန်းဆက်သွယ်ရေးအရ အလွန်ဝေးကွာသည့် ဆည်ကြီး ကျေးရွာတို့တွင် မဲရုံတစ်ရုံစီထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြီးခဲ့သောရွေးကောက်ပွဲတွင် ဘုတလင် မြို့နယ်၌ မဲရုံ ၉၄ ရုံ ရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဘုတလင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၌ မဲရုံ၄၃ ရုံ၊ မဲဆန္ဒနယ်အမှတ်(၂)၌ မဲရုံ ၅၄ ရုံဖြင့် စုစုပေါင်း မဲရုံ ၉၇ ရုံအထိ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အစည်းအဝေးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ(၁/၂၀၁၉) အစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၁၉) အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်တွင် နေပြည်တော်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**




## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိကို ဘယ်သူက ဘယ်အခြေအနေမှာ စစ်ဆေးရမလဲ

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်တွင် ဥပဒေကြမ်းများအား အတည်မပြုခင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ ပေးပို့စိစစ်ရန်ဆိုသည့် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက် ရယူသည်။ ထိုသို့ လုပ်ဆောင်ပါက လွှတ်တော်များ၏ အခန်းကဏ္ဍမှေးမှိန်သွားပြီး ဥပဒေပြုရေး မဏ္ဍိုင်ပီပြင်စွာ မပေါ်ပေါက်လာမည်ကို စိုးရိမ်သည့်အတွက် အဆိုပါ ဆုံးဖြတ်ချက်အား ကန့်ကွက်ကြောင်းနှင့် ပယ်ဖျက်ပေးရန်အဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လိုက်သည်။ တစ်ဖက်တွင်လည်း ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အား ထောက်ခံကြောင်းနှင့် ပြည်သူ့လွှတ်တော်၏အဆိုကို ကန့်ကွက်ကြောင်း အဆိုအား အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့သည်။

### ပြည်သူ့လွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကိုသာ နာခံမည်

ထိုအချိန်တွင် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်နှစ်ရပ်အငြင်းပွားနေသည့် ယင်းကိစ္စအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရန် ခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းသည်။ ဖြစ်ပေါ်ခဲ့သည့် ကိစ္စရပ်များသည် လွှတ်တော်ရေးရာကိစ္စရပ်များသာဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကိုသာ နာခံမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်




နာယက က မူလက ဆုံးဖြတ်ခဲ့သော အဆိုကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ခုံရုံးသို့ တင်သွင်းခဲ့သော တင်သွင်းလွှာအား ပြန်လည်ရုပ်သိမ်းခဲ့သည်။

### ဥပဒေပညာရှင်များ၊ ဥပဒေပြုသူများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်သင့်

အထက်ပါ ဖြစ်စဉ်များသည် သင်ခန်းစာယူစရာများ၊ သတိမူရမည့် ကိစ္စရပ်များဖြစ်ပြီး ဥပဒေပါ အကြောင်းအရာများကို ကျေညက်ရန်လိုသလို လက်တွေ့ကျင့်သုံးရန်လည်း လိုသည်။ ဆန္ဒစောပြီး ဖြစ်စေလို၍ လုပ်ဆောင်ပါက လွဲမှားတတ်ကြောင်း၊ ဤသို့လွဲမှားမှုများသည် ထိုနေရာတွင်သာ ပြီးဆုံး သွားသည်မဟုတ်ဘဲအခြားနေရာများတွင်ပါ လွဲမှားစေနိုင်သည့်အတွက် ဥပဒေပညာရှင်များ၊ ဥပဒေပြုသူများအနေဖြင့် မိမိတို့အားပေးအပ်ထားသည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သင့်ကြောင်းကို ဤစာအုပ်က လေ့လာသုံးသပ်တင်ပြထားသည်။

## ခေတ်ကြေးမုံပြင်ဝယ် နှစ်ခြောက်ဆယ်

စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ ရေးသားသော ခေတ်ကြေးမုံပြင်ဝယ် နှစ်ခြောက်ဆယ်စာအုပ်ထွက်ရှိလာပြီ ဖြစ်သည်။ စာအုပ်၏အစပိုင်းတွင် သတင်း၏အဓိပ္ပာယ်ကို ရှင်းလင်းထားပြီး မြန်မာ သတင်းစာသမိုင်းဦးဖြစ်သည့် မြန်မာနိုင်ငံသို့ ပထမဦးဆုံး သတင်းစာရောက်ရှိလာပုံနှင့် အစပျိုးထားသည်။

ထို့နောက် သတင်းစာဆရာ၊ သတင်းရေးသားနည်း၊ သတင်းအမျိုးအစား၊ ဓာတ်ပုံသတင်းစာပညာ၊ ရေဒီယိုနှင့် ရုပ်သံသတင်း၊ စာနယ်ဇင်းကျင့်ဝတ်စသည်ဖြင့် အခန်းလိုက် ဖော်ပြထားသည်။ စာရေးသူ၏ သတင်းစာလုပ်ငန်း နှစ်ခြောက်ဆယ်အတွင်း တွေ့ကြုံခဲ့ရသည့် သတင်းစာလောကအကြောင်းအရာများ၊ အမေရိကန်မီဒီယာလောကကို ဂျူးသူဌေးကြီးများ ချုပ်ကိုင်လာပုံ၊ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ မြန်မာ့သတင်းစာတို့ မည်သို့ပါဝင်ခဲ့ပုံ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက် မြန်မာ့သတင်းစာတို့ပုံရိပ်ကို စိတ်ဝင်စားဖွယ် စုစည်းတင်ပြထားသည်။




မြန်မာ့သတင်းလောက သမိုင်းကို စုံလင်စွာ ဖော်ပြထားသည့် စာအုပ်လည်းဖြစ်ရာ ကမ္ဘာ့သတင်းလောက၊ မြန်မာ သတင်းလောကကို စိတ်ဝင်စားသူတိုင်း ဖတ်ရှုသင့်သော စာအုပ်ကောင်း ဖြစ်သည်။

တန်ဖိုးမှာ ငွေကျပ် ၃၅၀၀ ဖြစ်ပြီး မိုးကျော်စာပေမှ ဖြန့်ချိခြင်းဖြစ်ပြီး ဖုန်း ၀၉၇၃၀၂၉၅၉၀ နှင့် ၀၉၇၃၂၄၅၂၅၇ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍနှင့် ရွေးကောက်ပွဲစနစ်များ




ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍနှင့် ရွေးကောက်ပွဲစနစ်များ စာအုပ်ထွက်ရှိလာသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အဓိပ္ပာယ်မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံ ဥပဒေများနှင့်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စပ်လျဉ်းသော ဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေသုံးမျိုးနဲ့အတူ ဖွဲ့စည်းခဲ့သော ရွေးကောက်ပွဲကော်မရှင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပခဲ့သော ရွေးကောက်ပွဲများကို လေ့လာတင်ပြထားသည်။

ထို့ပြင် ရွေးကောက်ပွဲစနစ်ပုံစံများ ရေးဆွဲခြင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးသော ရွေးကောက်တင်မြှောက်ပုံစနစ်များကိုပါ ဖော်ပြထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးစိုင်းကျော်သူပြုစု ရေးသားထားသော စာအုပ်ဖြစ်သည်။

အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားပြီးတန်ဖိုးမှာ ငွေကျပ် ၂၅၀၀ ဖြစ်ပြီး ဦးစိုင်းကျော်သူ- ရွေးကောက်ပွဲခုံရုံးဌာန ဖုန်း - ၀၉-၅၁၉၀၅၄၅ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

## ရှေ့နေလည်းမှားတတ်သည် တရားသူကြီးလည်းမှားတတ်သည်နှင့် စီရင်ထုံးကိုးကား ဥပဒေပညာပေးဆောင်းပါးများ




ဆရာစိန်လှိုင်ဗိုလ် ရေးသားသော ရှေ့နေလည်းမှားတတ်သည် တရားသူကြီးလည်းမှားတတ်သည်နှင့် စီရင်ထုံး ကိုးကား ဥပဒေပညာပေး ဆောင်းပါးများ စာအုပ်ထွက်ရှိထားသည်။ တရားဥပဒေအကြောင်း အများပြည်သူများ လက်လှမ်းမီစေရန် သိသင့်သိထိုက်သော တရားဥပဒေနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ အတွေ့အကြုံများကိုအခြေခံကာ ဆောင်းပါးများ အသွင်ဖြင့် တစ်စုတစ်စည်းတည်း ဖော်ပြထားသည်။ ရဲစခန်းတွင် တိုင်ချက်ဖွင့်ရာတွင် တွေ့ကြုံရသည့် အခက်အခဲအချို့ကိုလည်း တင်ပြထားပြီး အများပြည်သူများကြားတွင် အငြင်းပွားလေ့ရှိသော အမွေဆက်ခံခွင့်ဆိုင်ရာကိစ္စများ၊ စွန့်လွှတ်ကွာရှင်းမှု၊ စာချုပ်တော်အကြောင်း တစေ့တစောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းအရ သေတမ်းစာပြုလုပ်၍ ပစ္စည်းခွဲဝေခွင့်ရှိ မရှိ အစရှိ သည်တို့ကို တင်ပြထားသည်။

ဤစာအုပ်သည် တရားဥပဒေ နယ်ပယ်တွင် အသက်မွေးမှုပြုနေသူတို့အတွက်သာမက၊ ဥပဒေနှင့် အကျွမ်းတဝင် မရှိသောသူများအတွက်ပါ ဗဟုသုတများစေနိုင်သော စာအုပ်ဖြစ်သည်။ တန်ဖိုးမှာ ငွေကျပ် ၃၅၀၀ ဖြစ်ပြီး ဝန်ချတောင်စာပေမှ ထုတ်ဝေခြင်းဖြစ်သည်။ အုပ်ရေတစ်ထောင် ထုတ်ဝေထားကြောင်း သိရသည်။

## ဒုတိယအကြိမ်ကြားဖြတ်ရွေးကောက်ပွဲ တာဝန်ထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မန္တလေး ဇန်နဝါရီ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မဟာအောင်မြေမြို့နယ် ရွေးကောက်ပွဲကော်မရှင်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများ၊ ဌာနဆိုင်ရာများ၊ မဲရုံမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်က ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာများကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်မင်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲလင်းနှင့် တာဝန်ရှိသူများက ကြားဖြတ်ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ၂၄၄ ဦး ကိုယ်စား မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ခင်ခင်ဝင်း (ပညာရေး)

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၁-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၀ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၄ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၁ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၃ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၀၁ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ・ ၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၅၆၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အပ်မရှိအတွက် မှားလို့မရတဲ့ စိန်ခေါ်မှု

ဝေမိုးဆက်



ပရီမီယာလိဂ်ပွဲစဉ် ၂၅ ကို လာမယ့် ဖေဖော်ဝါရီ ၂၊ ၃၊ ၅ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်စီးတီးနဲ့ အာဆင်နယ်တို့ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ အထူးသဖြင့် အဆိုပါပွဲစဉ်ဟာ အာဆင်နယ်အတွက် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအပြင် မန်စီးတီးအတွက် လီဗာပူးကို ဆက်လက်ဖိအားပေးနိုင်ဖို့ပါ အရေးပါနေတာကြောင့် ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာ စိတ်ဝင်တစားစောင့် ကြည့်ရဖို့ရှိပါတယ်။

## စပါး Vs ကာဒီဖ်

| ပထမအကျော့ရလဒ် | - | ကာဒီဖ် ၁-၂ စပါး |
|---|---|---|
| ကစားမည့်အချိန် | ည ၇း၀၀ (၂-၂-၁၉) | Wembley Stadium |

လိဂ်ဖလားပွဲကရော အက်ဖ်အေဖလားပွဲကပါ ထွက်ခဲ့ရတာကြောင့် စပါးတို့ ပရီမီယာလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်သာ အားစိုက်ကစားလာတော့မှာ ဖြစ်ပါတယ်။ အလီ၊ ကိန်းတို့ မပါဝင်နိုင်တာကြောင့် တိုက်စစ်ပိုင်းအားနည်းပေမယ့် အိမ်ကွင်းဖြစ်တယ်။ ကာဒီဖ်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမတည်ငြိမ်ပါဘူး။ ဒါကြောင့်လည်း စပါးကို တုံ့ပြန်ကစားဖို့ခက်ခဲနိုင်တယ်။ ကာဒီဖ်တိုက်စစ်အားနည်းနေလို့လည်း စပါးပဲ အနိုင်ရမယ်။

## ဘရိုက်တန် Vs ဝက်ဖို့ဒ်

| ပထမအကျော့ရလဒ် | - | ဝက်ဖို့ဒ် ၂-၀ ဘရိုက်တန် |
|---|---|---|
| ကစားမည့်အချိန် | ည ၉း၃၀ (၂-၂-၁၉) | The American Express |

ဝက်ဖို့ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကစားပုံ ကျစ်လျစ်မှုရှိတာတွေ့ရတယ်။ ဘရိုက်တန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရအားနည်းမှုအချို့ရှိနေတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမတည်ငြိမ်ဘူး။ ဒါကြောင့်လည်း ဒီပွဲမှာအပြန်အလှန် သွင်းဂိုးတွေမြင်တွေ့ရဖို့ခက်နိုင်ပါတယ်။ ဘရိုက်တန်က အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်လို့ ဝက်ဖို့ဒ်တို့ ရှန်းကန်ရနိုင်ပြီး သရေကျသွားဖို့များတယ်။

## ချယ်လ်ဆီး Vs ဟက်ဒါဖီးလ်

| ပထမအကျော့ရလဒ် | - | ဟက်ဒါဖီးလ် ၀-၃ ချယ်လ်ဆီး |
|---|---|---|
| ကစားမည့်အချိန် | ည ၉း၃၀ (၂-၂-၁၉) | Stamford Bridge |

လက်ရှိအချိန်မှာ ဟက်ဒါဖီးလ်က တိုက်စစ်ပိုင်းအားနည်းမှုတွေနဲ့အတူ အိမ်ကွင်းမှာရော အဝေးကွင်းမှာပါ ရလဒ်ပိုင်းကောင်းမွန်ဖို့ ရုန်းကန်နေရပါတယ်။ ချယ်လ်ဆီးကတော့ လိဂ်ဖလားမှာ ဗိုလ်လုပွဲတက်ခဲ့သလို အက်ဖ်အေဖလားမှာလည်းနောက်တစ်ဆင့်တက်ခဲ့လို့ ပရီမီယာလိဂ်ကို ပိုပြီးအားစိုက်မှာပါ။ အိမ်ကွင်းအားပါရှိတဲ့အပြင် ဟီဂွါယင်ရောက်လာလို့လည်း တိုက်စစ်က ပိုမိုထက်မြက်လာနိုင်တယ်။ ချယ်လ်ဆီးပဲဂိုးပြတ်အနိုင်ရမယ်။

## မန်စီးတီး Vs အာဆင်နယ်

| ပထမအကျော့ရလဒ် | - | အာဆင်နယ် ၀-၂ မန်စီးတီး |
|---|---|---|
| ကစားမည့်အချိန် | ည ၁၁း၀၀ (၃-၂-၁၉) | Etihad Stadium |

မန်စီးတီးက လက်ရှိအချိန်မှာခြေစွမ်းပိုင်း ကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေပြန်လည်တည်ငြိမ်လာပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း အသင်းလိုက်စွမ်းဆောင်ရည်ပိုမိုကောင်းမွန်တတ်ပါတယ်။ အာဆင်နယ်ကတော့ ဒီပွဲမှာသာ အရေးနိမ့်ခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ပိုမိုခက်ခဲသွားနိုင်တာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ခံစစ်ပိုင်းမှာ အားနည်းမှုတွေရှိနေပါတယ်။ မန်စီးတီးပဲအနိုင်ရမယ်။ ဂိုးများမယ်။

## ပဲလေ့စ် Vs ဖူလ်ဟမ်

| ပထမအကျော့ရလဒ် | - | ဖူလ်ဟမ် ၀-၂ ပဲလေ့စ် |
|---|---|---|
| ကစားမည့်အချိန် | ည ၉း၃၀ (၂-၂-၁၉) | Selhurst Park |

ဖူလ်ဟမ်ရဲ့ခြေစွမ်းပိုင်းက ထင်သလောက် တိုးတက်လာမှုမရှိပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းအားနည်းမှုကို မပြင်နိုင်သေးတာတွေ့ရတယ်။ ဒါ့အပြင် အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုအားနည်းတတ်ပါတယ်။ ပဲလေ့စ်ကတော့ ထိုးစစ်ပိုင်းထက်မြက်နေပြီး အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုမိုကောင်းမွန်တတ်တယ်။ အက်ဖ်အေဖလားပွဲမှာတောင် စပါးကို အကောင်းဆုံးခြေစွမ်းနဲ့အနိုင်ယူနိုင်ခဲ့တယ်။ အိမ်ကွင်းမှာ ပဲလေ့စ်ပဲနိုင်ပွဲရမယ်။

## ဘန်လေ Vs ဆောက်သမ်တန်

| ပထမအကျော့ရလဒ် | - | ဆောက်သမ်တန် ၀-၀ ဘန်လေ |
|---|---|---|
| ကစားမည့်အချိန် | ည ၉း၃၀ (၂-၂-၁၉) | Turf Moor |

ဆောက်သမ်တန်ခြေစွမ်းပိုင်းက မဆိုးဘူးလို့ ဆိုနိုင်တယ်။ တိုက်စစ်ကလည်း အခုနောက်ပိုင်းမှာ ဂိုးသွင်းခြေကောင်းမွန်နေပါတယ်။ ဒါပေမယ့် ခံစစ်ပိုင်းကတော့ ပွဲတိုင်းနီးပါးဂိုးတွေပေးနေရတယ်။ ဘန်လေကလည်း အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ ဖြစ်တယ်။ အထူးသဖြင့် ဘန်လေက အိမ်ကွင်းပွဲတွေမှာ ခံစစ်ကိုအားပြုကစားလာမှာဖြစ်တာကြောင့် ဆောက်သမ်တန် ရုန်းကန်ရနိုင်တယ်။ သွင်းဂိုးနည်းနိုင်ပြီး ဘန်လေ ကပ်နိုင်မယ်။

## အဲဗာတန် Vs ဝုဖ်

| ပထမအကျော့ရလဒ် | - | ဝုဖ် ၂-၂ အဲဗာတန် |
|---|---|---|
| ကစားမည့်အချိန် | ည ၉း၃၀ (၂-၂-၁၉) | Goodison Park |

အဲဗာတန်ရဲ့ လက်ရှိခြေစွမ်းပိုင်းကျဆင်းနေပေမယ့်လည်း အိမ်ကွင်းပွဲတွေမှာဆိုရင် ကစားပုံပိုမိုကောင်းမွန်တတ်တာကို သတိပြုရမယ်။ နောက်ဆုံး လေးပွဲမှာ သုံးပွဲအထိ ရှုံးနိမ့်ခဲ့တာကြောင့်လည်း အဲဗာတန်တို့ ဒီပွဲစဉ်မှာ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဝုဖ်ကတော့ အသင်းလိုက် စွမ်းဆောင်ရည်ကောင်းမွန်ပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေရှိနေတယ်။ သွင်းဂိုးများနိုင်ပြီး အိမ်ရှင်အဲဗာတန်တို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ရှိတယ်။

## ကာဒစ်ဖ် Vs ဘုန်းမောက်

| ပထမအကျော့ရလဒ် | - | ဘုန်းမောက် ၂-၀ ကာဒစ်ဖ် |
|---|---|---|
| ကစားမည့်အချိန် | နံနက် ၀၀း၀၀ (၃-၂-၁၉) | Cardiff City Stadium |

တန်းဆင်းဇုန်အတွင်းမှာ ရပ်တည်နေရတဲ့ ကာဒစ်ဖ်အနေနဲ့ တန်းမဆင်းရဖို့အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့ အားရစရာမကောင်းဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအားနည်းလွန်းတာကြောင့် အိမ်ကွင်းပွဲတွေမှာတောင် ရလဒ်တွေဆိုးနေရတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်းအဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းတတ်လို့ ကာဒစ်ဖ်တို့အခွင့်အရေးရနိုင်ပါတယ်။ ကာဒစ်ဖ် အနိမ့်ဆုံးသရေရမယ်။

## ဝက်စ်ဟမ်း Vs လီဗာပူး

| ပထမအကျော့ရလဒ် | - | လီဗာပူး ၄-၀ ဝက်စ်ဟမ်း |
|---|---|---|
| ကစားမည့်အချိန် | နံနက် ၂း၃၀ (၅-၂-၁၉) | London Stadium |

လက်ရှိအချိန်မှာ ဒဏ်ရာရကစားသမားတွေများပြားနေတဲ့ ဝက်စ်ဟမ်းဟာ အသင်းလိုက် စွမ်းဆောင်ရည်ကိုလည်းထိခိုက်နေပြီး အက်ဖ်အေဖလားပွဲမှာ အသင်းလေးဝင်ဘယ်ဒန်ကိုတောင် အရေးနိမ့်ခဲ့ရပါတယ်။ လီဗာပူးကတော့ အဝေးကွင်းဖြစ်ပေမယ့် မန်စီးတီးတို့အာဆင်နယ်နဲ့ပွဲကျပ်ရင်ဆိုင်ရချိန်မှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက် လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးရဲ့ခြေစွမ်းကလည်း ထက်မြက်နေလို့ လီဗာပူးပဲအနိုင်ရမယ်။

## လက်စတာ Vs မန်ယူ

| ပထမအကျော့ရလဒ် | - | မန်ယူ ၂-၁ လက်စတာ |
|---|---|---|
| ကစားမည့်အချိန် | ည ၈း၃၅ (၃-၂-၁၉) | King Power Stadium |

လက်စတာရဲ့လက်ရှိအခြေအနေက ခံစစ်ပိုင်း အားနည်းမှုတွေများနေပါတယ်။ မန်ယူကတော့ လက်ရှိအချိန်မှာ တိုက်စစ်ပိုင်းထက်မြက်နေပြီး ဂိုးသွင်းခြေလည်း တည်ငြိမ်နေပါတယ်။ လက်စတာတို့အိမ်ကွင်းဖြစ်တာကြောင့် တိုက်စစ်အားပြုကစားလာရင် မန်ယူရဲ့တိုက်စစ်ကိုထိန်းချုပ်နိုင်ဖို့ ပိုမိုခက်ခဲနိုင်ပါတယ်။ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့မန်ယူကသာ အဝေးကွင်းဖြစ်ပေမယ့် ခြေစွမ်းအသာနဲ့ကစားပြီး နိုင်ပွဲဆက်နိုင်တယ်။

## ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဆာလတ် | လီဗာပူး | ၁၆ |
| အူဘာမီယန် | အာဆင်နယ် | ၁၄ |
| ဟယ်ရီကိန်း | စပါး | ၁၄ |

## ပရီမီယာလိဂ်ပွဲစဉ် (၂၅)

| စနေနေ့ | | | ၂-၂-၁၉ |
|---|---|---|---|
| စပါး | - | ကာဒီဖ် | ည ၇း၀၀ |
| ဘရိုက်တန် | - | ဝက်ဖို့ဒ် | ည ၉း၃၀ |
| ဘန်လေ | - | ဆောက်သမ်တန် | ည ၉း၃၀ |
| ချယ်လ်ဆီး | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| ပဲလေ့စ် | - | ဖူလ်ဟမ် | ည ၉း၃၀ |
| အဲဗာတန် | - | ဝုဖ် | ည ၉း၃၀ |
| ကာဒစ်ဖ် | - | ဘုန်းမောက် | နံနက် ၀၀း၀၀ |
| တနင်္ဂနွေနေ့ | | | ၃-၂-၁၉ |
| လက်စတာ | - | မန်ယူ | ည ၈း၃၅ |
| မန်စီးတီး | - | အာဆင်နယ် | ည ၁၁း၀၀ |
| တနင်္လာနေ့ | | | ၄-၂-၁၉ |
| ဝက်စ်ဟမ်း | - | လီဗာပူး | နံနက် ၂း၃၀ |

## လာလီဂါပွဲစဉ်(၂၂)

| သောကြာနေ့ | | | ၁-၂-၁၉ |
|---|---|---|---|
| ဝက်စ်ကာ | - | ဗယ်လာဒိုးလစ် | နံနက် ၂း၃၀ |
| စနေနေ့ | | | ၂-၂-၁၉ |
| လီဗန်တေး | - | ဂီတာဖေး | ည ၆း၃၀ |
| ဆိုစီဒက် | - | ဘီဘာအို | ည ၉း၄၅ |
| ဘာစီလိုနာ | - | ဗလင်စီယာ | နံနက် ၀၀း၀၀ |
| ဆယ်တာဗီဂို | - | ဆီဗီလာ | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၃-၂-၁၉ |
| ဗီလာရီးရဲ | - | အက်စ်ပန်ညို | ည ၅း၃၀ |
| ဘက်တစ် | - | အက်သလက် | ည ၉း၄၅ |
| အီဘား | - | ဂျီရိုနာ | နံနက် ၀၀း၀၀ |
| ရီးရဲမက်ဒရစ် | - | အလာဗက်စ် | နံနက် ၂း၁၅ |
| တနင်္လာနေ့ | | | ၄-၂-၁၉ |
| ဗယ်လီကာနို | - | လီဂါနက်စ် | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၂)

| စနေနေ့ | | | ၂-၂-၁၉ |
|---|---|---|---|
| အမ်ပိုလီ | - | ချီယေဗို | ည ၈း၃၀ |
| နာပိုလီ | - | ဆမ်ဒိုးရီးယား | ည ၁၁း၃၀ |
| ဂျူဗင်တပ်စ် | - | ပါးမား | နံနက် ၂း၀၀ |
| တနင်္ဂနွေနေ့ | | | ၃-၂-၁၉ |
| SPAL | - | တိုရီနို | ည ၆း၀၀ |
| အူဒီးနီစ် | - | ဖီအိုရင်တီးနား | ည ၈း၃၀ |
| ဂျီနိုအာ | - | ဆက်ဆူအိုလို | ည ၈း၃၀ |
| အင်တာ | - | ဘိုလော့ဂ်နာ | ည ၁၁း၃၀ |
| ရိုးမား | - | မီလန် | နံနက် ၂း၀၀ |
| တနင်္ဂနွေနေ့ | | | ၃-၂-၁၉ |
| ဖရိုစီနိုနီ | - | လာဇီယို | နံနက် ၀၀း၃၀ |
| ကယ်ဂလီယာရီ | - | အတ္တလန္တာ | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၂၃)

| သောကြာနေ့ | | | ၁-၂-၁၉ |
|---|---|---|---|
| လိုင်လီ | - | နိုက်စ် | နံနက် ၂း၁၅ |
| စနေနေ့ | | | ၂-၂-၁၉ |
| အန်ဂျာစ် | - | ဒီဂျွန် | နံနက် ၁း၃၀ |
| ဘော်ဒိုး | - | ဂူအင်ဂမ့် | နံနက် ၁း၃၀ |
| မိုနာကို | - | တူးလောက်စ် | နံနက် ၁း၃၀ |
| ရိန်းနက်စ် | - | အာမီယန် | နံနက် ၁း၃၀ |
| ရိမ်းစ် | - | မာဆေး | နံနက် ၂း၃၀ |
| တနင်္ဂနွေနေ့ | | | ၃-၂-၁၉ |
| နီမက်စ် | - | မောင့်ပယ်လီယာ | ည ၈း၃၀ |
| စိန့်အက်တီယန် | - | စထရက်ဘော့ချ် | ည ၁၀း၃၀ |
| လိုင်ယွန် | - | ပီအက်စ်ဂျီ | နံနက် ၂း၃၀ |

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃ ။)**

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင်စတင်အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကိုဆိုသည်။

(င) **အေဂျင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကိုဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်သည့်ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက်အဆင့်ရှိသော အရာရှိကိုဆိုသည်။

(ဈ) **မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာ မူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသောမူပိုင်ခွင့် အမျိုးအစားများလည်း ပါဝင်သည်။

(ည) **အမှတ်တံဆိပ်**ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့် မြင်တွေ့နိုင်သော အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသား တစ်ခုနှင့် တစ်ခုပေါင်းစပ်ထားသည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြု အမှတ်တံဆိပ်တို့လည်း ပါဝင်သည်။

(ဋ) **ကုန်အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဌ) **ဝန်ဆောင်မှုအမှတ်တံဆိပ်**ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင်လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသော လုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဍ) **စုပေါင်းပိုင်အမှတ်တံဆိပ်**ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ သို့မဟုတ် ကုန်သည်များဖြင့် စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် လူမှုစီးပွားရေးအဖွဲ့အစည်းများ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ အဖွဲ့အစည်း၏ အဖွဲ့ဝင်များပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်လည်း ပါဝင်သည်။

(ဎ) **အသိအမှတ်ပြုအမှတ်တံဆိပ်**ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြားထူးခြားသော အချက်အလက်များနှင့် စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့် အမှတ်တံဆိပ် တစ်ခုခုကိုဆိုသည်။

(ဏ) **ဒေသဆိုင်ရာအညွှန်း** ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာနိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကို ဆိုသည်။

(တ) **ကျော်ကြားသောအမှတ်တံဆိပ်** ဆိုသည်မှာ သတ်မှတ်ထားသော စံနှင့်အညီ နိုင်ငံတော်တွင် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ထ) **ကုန်သွယ်မှုအမည်**ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းတစ်ရပ်နှင့် တစ်ရပ် ခွဲခြားသိရှိနိုင်ရန် ဖော်ပြသော အမည် သို့မဟုတ် သတ်မှတ်ချက်ကို ဆိုသည်။

(ဒ) အမှတ်တံဆိပ်ပိုင်ရှင်ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင် အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဓ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ အမှတ်တံဆိပ်ပိုင်ရှင်၊ ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၊ ဒေသဆိုင်ရာအညွှန်းပိုင်ရှင်၊ ကုန်သွယ်မှု အမည်ပိုင်ရှင်၊ မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူအဖြစ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(န) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော မူပိုင်ခွင့်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

(ပ) **မူပိုင်ခွင့်တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးကိုသော်လည်းကောင်းဆိုသည်။

(ဖ) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၃၁ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ဗ) **ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၃၂ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊

(ဂ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် အများပြည်သူအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(ဃ) ဒေသဆိုင်ရာ အညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

## အခန်း (၃)

## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) ပြည်ထောင်စုဝန်ကြီး၊ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများသို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၆) အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| (၇) နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေးမြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(စ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များ ရရှိစေရေးအတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင် ဆောင်ရွက်ပေးခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၄)

## အေဂျင်စီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ဗဟိုကော်မတီ၏ အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| (၂) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ | အဖွဲ့ဝင် |
| (၄) ငါးဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၅) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၆) ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ | တွဲဖက်အတွင်းရေးမှူးများ |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီက ချမှတ်သော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါး ချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဆ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) ဒေသအတွင်းရှိ ပြည်သူများ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အတွင်း ဒေသအလိုက်ထွက်ရှိသော အရည်အသွေးမြင့် ထုတ်ကုန်များကို အကာအကွယ်ပေးခြင်း၊

(ဈ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြု သတ်မှတ်ခြင်း၊

(ဌ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဍ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဎ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၆)**

**မှတ်ပုံတင်အရာရှိနှင့်စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့်လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း**

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိနှင့် လိုအပ်သည့် စစ်ဆေးရေးအရာရှိတို့ကို အေဂျင်စီ၏ တင်ပြချက်အရ ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ဗဟိုကော်မတီနှင့် အေဂျင်စီတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံခြင်းတို့ကို မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်ကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန်သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) အေဂျင်စီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၇)**

**အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း**

၁၃။ စက်မှုဒီဇိုင်းတစ်ရပ်ရပ်သည် အသစ်ဖြစ်သည့်အပြင် တုပမှုကင်းစွာ ဖန်တီးထားခြင်းဖြစ်ပါက အကာအကွယ်ရရှိမည်။

၁၄။ နိုင်ငံတော်တွင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် နေ့မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့မတိုင်မီ ယင်းစက်မှုဒီဇိုင်းကို အများပြည်သူ သိရှိစေရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာဖြင့်ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ခင်းကျင်းပြသခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်အသိပေးခဲ့ခြင်းမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၅။ စက်မှုဒီဇိုင်းသည် အများသိရှိထားပြီးဖြစ်သော စက်မှုဒီဇိုင်း၏ သွင်ပြင်လက္ခဏာများ စုပေါင်းထားခြင်းဖြစ်လျှင် သို့မဟုတ် အများသိရှိထားပြီးဖြစ်သော စက်မှုဒီဇိုင်းများနှင့် သိသာထင်ရှားစွာ ကွဲပြားခြားနားမှုမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

**အခန်း(၈)**

**အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်း**

၁၆။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် စက်မှုဒီဇိုင်းသည် အကာအကွယ်မရရှိစေရ -

(က) နည်းပညာဆိုင်ရာ သို့မဟုတ် လုပ်ဆောင်ချက်ဆိုင်ရာ ဖန်တီးပြုလုပ်မှုများ၊

(ခ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည် ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးမှုများ။

**အခန်း(၉)**

**စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများ**

၁၇။ စက်မှုဒီဇိုင်းတစ်ခုခုကို ဖန်တီးသူကဖြစ်စေ၊ ယင်း၏တရားဝင် အမွေဆက်ခံသူကဖြစ်စေ၊ ယင်း၏ တရားဝင်လွှဲပြောင်းခြင်းခံရသူကဖြစ်စေ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

၁၈။ စက်မှုဒီဇိုင်းတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲဖန်တီးခဲ့ခြင်းဖြစ်လျှင် ယင်းတို့အားလုံးသည် အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၉။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးသည့်အခါ -

(က) အလုပ်သမားက စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်ရှင်ကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့် ရှိသည်။

(ခ) စက်မှုဒီဇိုင်းကို ဖန်တီးပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံ စာဖြင့်ဆက်သွယ်အကြောင်းကြားသည့်နေ့မှ ခြောက်လအတွင်း အဆိုပါ စက်မှုဒီဇိုင်းကို အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ပြုလုပ်သည့် စက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားရာတွင် အဆိုပါစက်မှုဒီဇိုင်းသည် ယခင် အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ယင်း၏အလုပ်သမားက ဖန်တီးခဲ့သော စက်မှုဒီဇိုင်းဖန်တီးမှုမျိုးဖြစ်လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ဖန်တီးခဲ့သည့် စက်မှုဒီဇိုင်းဖြစ်သည်ဟု မှတ်ယူပြီး ယခင် အလုပ်ရှင်က အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည် -

(၁) ယခင်အလုပ်ရှင်က အဆိုပါ စက်မှုဒီဇိုင်းဖန်တီးမှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထားအပေါ် ယခင်အလုပ်ရှင်က ငြင်းဆိုမှုမပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ) အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်သဖြင့် အလုပ်သမားက လျှောက်ထားခြင်း။

(ဃ) အလုပ်ရှင်၏ တာဝန်ပေးချက်အရ မဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်နွယ်နေသော စက်မှုဒီဇိုင်းတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြု၍ အလုပ်သမားက ဖန်တီးရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အလုပ်သမားကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့တွင် ဖော်ပြထားသော စက်မှုဒီဇိုင်း ဖန်တီးခြင်းမှတစ်ပါး အခြားသောစက်မှုဒီဇိုင်းဖန်တီးမှုကို ပြုလုပ်ခဲ့လျှင် အလုပ်အကိုင် ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် ယင်းစက်မှုဒီဇိုင်းအတွက် အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

**အခန်း(၁၀)**

**လျှောက်ထားခြင်း**

၂၀။ ဤဥပဒေအရ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူသည် စက်မှုဒီဇိုင်း မူပိုင်ခွင့် အခွင့်အရေးကို ရရှိလိုပါက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၁။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) စက်မှုဒီဇိုင်းထုတ်ကုန်များ သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသည့် စက်မှုဒီဇိုင်းများသည် လိုကာနိုသဘောတူညီချက်တွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်း အမျိုးအစားခွဲခြားသတ်မှတ်ခြင်း သဘောတူညီချက်ပါ အမျိုးအစားတစ်ခုတည်းတွင် အကျုံးဝင်ပါက တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စက်မှုဒီဇိုင်းများကို လျှောက်လွှာတစ်စောင်တည်းတွင် လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ဂ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၂၂။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်-

(၁) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့် နေရပ်လိပ်စာ၊

(၃) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ၊

(၄) စက်မှုဒီဇိုင်း၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(၅) စက်မှုဒီဇိုင်းပါရှိသည့် သို့မဟုတ် စက်မှုဒီဇိုင်းဖြင့် ရုပ်လုံးဖော်ထားသည့် ထုတ်ကုန်များ၏ အညွှန်း။

(ခ) ပုဒ်မခွဲ(က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည် -

(၁) တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါအဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၂) ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထားဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၃) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၄) အေဂျင်စီနှင့်ဦးစီးဌာနတို့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၂၃။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော စက်မှုဒီဇိုင်းလျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့် နေ့သည် နိုင်ငံတော်တွင် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ ဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည် -

(က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မတူညီသောနေ့ အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်ကို ဦးစွာတင်သွင်းသူအား မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်ခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော စက်မှုဒီဇိုင်းတစ်ခု သို့မဟုတ် စက်မှုဒီဇိုင်းများ၏ လျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေးနေ့ အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၅။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မှတ်ပုံတင်ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး စက်မှုဒီဇိုင်း လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏အမည်ကို သတ်မှတ်သည့် ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ စက်မှုဒီဇိုင်း လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း လျှောက်ထားသူများသည် ယင်းတို့အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၂၆။ (က) စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(၁) မှတ်ပုံတင်အရာရှိက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းအထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသား အမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(၂) စက်မှုဒီဇိုင်းတစ်ခုထက်ပို၍ ပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(၃) စက်မှုဒီဇိုင်း အများအပြားပါဝင်သော မည်သည့်လျှောက်ထားချက် ကိုမဆို တစ်စောင်ထက်ပိုသော လျှောက်ထားချက် အသစ်များအဖြစ် ခွဲခြားပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များအဖြစ် တင်သွင်းရာတွင် မူလ လျှောက်ထားသည့်နေ့ကို လျှောက်ထားချက် တင်သွင်းသည့်နေ့ ဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၆ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သားဖွားသင်တန်းကျောင်း၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သားဖွားသင်တန်းကျောင်းနေပြည်တော်မှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင် ပူးတွဲဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ ခြံစည်းရိုးကာရံခြင်း
- ရှေ့မျက်နှာစာခြံစည်းရိုးကာရံခြင်း (၅၄၆.၈၂၆'×၈')
- နောက်မျက်နှာစာခြံစည်းရိုးကာရံခြင်း (၅၀၃.၇၄၃၅'×၈')

၂။ RC နှစ်ထပ်အစည်းအဝေးခန်းမကြီးဆောက်လုပ်ခြင်း(ရေ၊ မီးအပါအဝင်) (၁၅၀'×၈၀'×၃၁')

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၄-၂-၂၀၁၉ရက်၊ နံနက် ၈နာရီ
**တင်ဒါများနောက်ဆုံး-တင်သွင်းရမည့်ရက်** - ၂၈-၂-၂၀၁၉ရက်၊ ညနေ ၄း၃၀နာရီ
**နည်းပညာအဆိုပြုလွှာဖွင့်ဖောက်စစ်ဆေးမည့်ရက်** - ၄-၃-၂၀၁၉ရက်၊ နံနက် ၁၀နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - သားဖွားသင်တန်းကျောင်း၊ နေပြည်တော်
**ဖွင့်ဖောက်စစ်ဆေးမည့်နေရာ** - သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သားဖွားသင်တန်းကျောင်း၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၆၇-၄၂၁၃၇၃၊ ၀၉-၂၅၀၂၁၁၃၄၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သားဖွားသင်တန်းကျောင်း၊ နေပြည်တော်**

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျပ်သန်း(၁၀၀)အထက် တင်ဒါခေါ်ယူဆောင်ရွက်မည့် ပေါင်းတည်မြို့နယ် မိုးမည်ဆည် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုရန်ပုံငွေ ကမ္ဘာ့ဘဏ်ချေးငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်းဆွာချောင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သောဒေသထွက် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းသူများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၂-၂၀၁၉ ရက်နှင့် ၁၅-၂-၂၀၁၉ ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန
**တင်ဒါတင်သွင်းရမည့်ရက်** - ၂၁-၂-၂၀၁၉ ရက်နှင့် ၂၂-၂-၂၀၁၉ ရက် ညနေ ၄ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့)
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ကြည်သာချမ်းမြဓမ္မာရုံ၊ တိုင်းဆည်မြောင်းရုံးဝင်း၊ ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

အသေးစိတ်သိရှိလိုပါက ဖုန်း ၀၅၂-၂၂၃၀၀၃၅၊ ၀၅၂-၂၂၃၀၂၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
## ပုသိမ်ခရိုင်တရားရုံးတော်
## ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်(၂)

ကွယ်လွန်သူ ဒေါ်အချုတ်ရင်(ခ)ဒေါ်ခင်ကြည်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

**ဦးနီအောင်** **လျှောက်သူ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၄၀ နေ ဦးနီအောင်က ကွယ်လွန်သူ ဒေါ်အချုတ်ရင်(ခ)ဒေါ်ခင်ကြည်၏ ခင်ပွန်းဖြစ်သူဟူ၍ အထက်ပါလိပ်စာတွင် အတူနေ ၎င်းကွယ်လွန်သူ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်(ပုသိမ်ဘဏ်ခွဲ)၌ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်အချုတ်ရင်(ခ)ဒေါ်ခင်ကြည်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် (၁၃၈၀ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးနီအောင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်စိုးဘဏ်)**
**ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ပြည်ခရိုင်၊ပြည်မြို့၊ကနောင်မင်းသားလမ်း၊ ဗိုလ်တထောင်ရပ်ကွက်၊ ရွာဘဲနယ်မြေ၊ အကွက်အမှတ်(၁၇)-ဗိုလ်တထောင်တိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ်(၃၃၃)၊ (၃၃၄)၊ (၃၃၅)၊ (၃၃၆)၊ (၃၅၀)တို့သည် မြေကွက်အစားရရှိသူ ဒေါ်ခင်ရွှေထံမှ ၃၁-၁၂-၂၀၀၆ရက်တွင် ကျွန်တော်ဦးစိန်ဝင်းအောင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းမြေကွက်အား ဦးစိန်ဝင်းအောင်အမည်ပေါက် မြေဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိန်ဝင်းအောင်**
**၈/မတန(နိုင်)၀၀၀၄၁၆**
**ရွှေတချောင်းလမ်း၊ ရွာဘဲ၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ထမ္မကောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၆၆)၊ ထမ္မကောက်ကွင်း၊ ဦးပိုင်အမှတ်(၂၄၉၇/၂၀၅)မှ မြေဧရိယာ ၀ဒသမ ၆၂ဧကရှိ မြေအား ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉အရ ဝမ်းစာကြိတ်စက်မြေအဖြစ် အသုံးပြုရန်ဒေါ်ရှိန်အမည်ဖြင့် အခြားနည်း အသုံးပြုခွင့်ရရှိထားသောမြေကို ဦးအောင်ဌေးမှ ဝယ်ယူပြီး၎င်းအမည်ဖြင့် စက်မှုမြေငှားဂရန်လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ထုတ်ပေးနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## Invitation for Request for Quotation(RFQ)

Ministry of Transport and Communications (MoTC) now invites eligible firm to submit the proposal for "EMF Test Equipment for RF Networks" as part of the Telecom Sector Reform Project supported by the World Bank's Loan. The deadline for submission of RFQ is March 4th, 2019 by 13:00PM (Myanmar Standard Time).

Attention

Director General
Posts and Telecommunications Department
Ministry of Transport and Communications
Office Building Number 2
Nay Pyi Taw
Myanmar
Telephone+95 67407438
Email: monitoringptd 2018@gmail.com

The detail information and requirements can be seen in the Request for Quotation (RFQ) and it can be downloaded at PTD Website: https://www.ptd.gov.mm

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်၏ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်းကုမ္ပဏီ) ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်လိုသည့်လုပ်ငန်းများ
(က) တိုးချဲ့ထမင်းစားဆောင်(၃)ထပ် ဆောက်လုပ်ခြင်း (ရေ၊ မီးအပါအဝင်) (၃၆'×၆၀'×၃၆')
(ခ) နှစ်ထပ်သင်တန်းသား အိပ်ဆောင်၏ မျက်နှာစာရှေ့ပတ်လည် Retaining Wall (၁၅၀') ဆောက်လုပ်ခြင်း
(ဂ) နှစ်ထပ်သင်တန်းသားအိပ်ဆောင်ရှေ့ လျှောက်လမ်းအား အမိုးမိုးခြင်းနှင့် လက်ရန်းများတပ်ဆင်ရန် (၁၅၀')

၃။ တင်ဒါတင်သွင်းသူသည် အထက်ဖော်ပြပါလုပ်ငန်းများကို တင်ဒါအချက်လက်ပါ စည်းကမ်းအတိုင်း တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်။

**အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၄-၂-၂၀၁၉ ရက်၊ နံနက် ၈ နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၂-၂၀၁၉ ရက်၊ ညနေ ၄း၃၀ နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်
**နည်းပညာအဆိုပြုလွှာဖွင့်ဖောက်စစ်ဆေးမည့်ရက်** - ၄-၃-၂၀၁၉ ရက်၊ နံနက် ၁၀ နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ** - သူနာပြုသင်တန်းကျောင်း၊ နေပြည်တော် (ခန်းမကြီး)

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၂၀၂၀၁၊ ၀၉-၇၈၉၇၉၁၉၈၂၊ ၀၉-၄၃၁၆၀၆၉၇ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## မန္တလေးတိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မင်းချောင်းတံတားနှင့်လူးထတံတားတည်ဆောက်ရေးလုပ်ငန်း
## မန္တလေးတိုင်းဒေသကြီး
## ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်
## (၂၀၁၈ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလ)အထိ
## တည်ဆောက်ရေးပစ္စည်းများအား
## ပထမအကြိမ်၊ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် (၂၀၁၈အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလ) အထိ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေး-မိုးကုတ်လမ်းပေါ်ရှိ လူးထတံတားနှင့်မင်းချောင်းတံတား တည်ဆောက်နိုင်ရန်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူခြင်းအား လုပ်ငန်းခွင်အရောက်ဈေးနှုန်းမြန်မာငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| | | လူးထတံတား | မင်းချောင်းတံတား |
| (၁) | ASTMC-150 Ordinary Portland Cement Grade(42.5) | ၁၇၁.၀၀တန် | ၁၉၀.၀၀တန် |
| (၂) | (3/8"-3/4")Chipping ခွဲကျောက် (ကွန်ကရစ်ဖျော်စပ်ရန်) | ၁၅၇.၅၀ကျင်း | ၁၇၁.၀၀ကျင်း |
| (၃) | မြစ်သဲ/ချောင်းသဲ(ကွန်ကရစ်ဖျော်စပ်ရန်) | ၇၉.၀၀ကျင်း | ၈၅.၆၀ကျင်း |
| (၄) | သံချောင်းလုံး(ရှယ်စုံ) (Yield Strength Of Rebar,fy=345Mpa (50,000psi) (HRB-500) | ၅၇.၈၀တန် | ၅၄.၁၅တန် |
| (၅) | တောသစ်(အခြားသား)ဆိုက်စုံ | ၃၀.၀၀တန် | ၃၀.၀၀တန် |
| (၆) | ဒီဇယ်ဆီ (H.S.D) | ၂၇၀၀ဂါလန် | ၂၇၀၀ဂါလန် |

၂။ တင်ဒါတင်သွင်းမည့်အမှတ်စဉ်(၁)မှ(၅)အထိ ပစ္စည်းသည်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အရည်အသွေးထိန်းသိမ်းရေး ဌာနခွဲ(သုဝဏ္ဏ)ကမာကြည်အနီးတွင် အရည်အသွေးစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက် ထောက်ခံစာမူရင်း/မိတ္တူကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တည်ဆောက်ရေးအဖွဲ့(၁)၊ ဧရာဝတီတံတား(ရတနာပုံ)တွင် ၂၈-၂-၂၀၁၉ရက် နောက်ဆုံးထားတင်ပြရပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၄-၂-၂၀၁၉ရက်မှ ၂၈-၂-၂၀၁၉ ရက်အထိ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ပါပစ္စည်း၏အသေးစိတ်အချက်အလက်များကိုဖုန်း-၀၉-၂၆၅၄၆၁၀၉၅၊ ၀၉-၂၅၉၀၂၇၄၃၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်/အချိန်** - ၄-၂-၂၀၁၉ရက်၊ နံနက် ၉ နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၂-၂၀၁၉ရက်၊ ညနေ ၄ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁-၃-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီ
**တင်ဒါတင်သွင်း/စိစစ်/ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေးအဖွဲ့(၁) ရှင်းလင်းဆောင်ခန်းမ၊ ဧရာဝတီတံတား(ရတနာပုံ) မန္တလေးမြို့

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း
## (Invitation to Quote)

၁။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတွင် အသုံးပြုရန်အတွက် GPS များကိုမြန်မာငွေကျပ်(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို E-mail ဖြင့် အောက်ပါလိပ်စာတွင် အခမဲ့လျှောက်ထားရယူနိုင်ပါသည်။

**တင်ဒါစတင်ရယူရမည့်ရက်** - ၁-၂-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၈-၂-၂၀၁၉ရက်
**တင်ဒါပိတ်မည့်အချိန်** - နံနက် ၁၀ နာရီ

လိပ်မူရန်- စီမံကိန်းမန်နေဂျာ
အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း
(စီမံခန့်ခွဲရေးရုံး) ရုံးအမှတ်(၅၃)၊
ဖုန်း-၀၆၇-၃၄၃၁၁၇၆
(E-mail: nep.pmomoep@gmail.com)

## THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRICITY AND ENERGY
## NATIONAL ELECTRIFICATION PROJECT
## SPECIFIC PROCUREMENT NOTICE

Date : 1st February, 2019
Invitation for Bids
IDA, Credit No : 5727-MM
Contract Title : Installation of Distribution Lines and Transformers for Adaptation Villages in Mandalay for National Electrification Project
Reference No: MOEE-NEP/C1-W14/19

1. The Republic of the Union of Myanmar has received financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for Installation of Distribution Lines and Transformers MOEE-NEP/C1-W14/19 for Adaptation Villages in Mandalay.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for Installation of Distribution Lines and Transformers MOEE-NEP/C1-W14/19 for Adaptation Villages in Mandalay in the following locations.

The number and identification of lots comprising this installation bidding MOEE-NEP/C1-W14 /19 process for Mandalay is:

Lot 1: Pyin Oo Lwin & Kyaukse District - 66 villages
Lot 2: Meiktila & Yamethin District - 102 villages
Lot 3: Myingyan & Nyaung Oo District - 74 villages

3. Bidding will be conducted through the National Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.

4. Interested eligible bidders may obtain further information from Project Management Office (National Electrification Project), Project Manager and nep.pmomoep@gmail.com] and inspect the bidding documents during office hours [09:30 to 16:00 hours] at the address given below.

5. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through email only.

6. Bids must be delivered to the address below on or before 4th March, 2019 (10:00 A.M) - Myanmar Time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below.

7. All bids must be accompanied by "Bid-Security".

8. The address (es) referred to above is (are):
Attention: Project Manager
Project Management Office (National Electrification Project)
Office Building No.27, Ministry of Electricity and Energy
City: Nay Pyi Taw
Country: The Republic of the Union of Myanmar
Telephone: +95 67 3431175
Facsimile number: +95 67 3431176
Electronic mail address: nep.pmomoep@gmail.com

## အမည်ပြောင်း

ဦးမြင့်နိုင်၏သား မြောင်းမြမြို့နယ်၊ ဇမော်သုံးခွကျေးရွာ အလက(ခွဲ)တတိယတန်းမှ မောင်နေလင်းဖြိုးအား မောင်စိုးပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စိုးပြည့်စုံ**

## အမည်မှန်

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာ(၅)လမ်းနေ ဦးတင်သိန်းဦး ၉/ပမန(နိုင်)၀၆၃၀၅၂ ၏သား မောင်ဒီပါနိုင်(ခ)မောင်တည်မြဲအောင် ၉/ပမန(နိုင်)၂၆၉၄၂၉ ၏ အမည်မှန်မှာ မောင်တည်မြဲအောင် ဖြစ်ပါသည်။ **မောင်တည်မြဲအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ဟ-၁၇/၁၈၃နေ ဦးခွမ်တာဟွ ၁၃/ကခန(နိုင်)၀၃၁၁၇၀ ၏သား မောင်ခွမ်ကိန်းကွဲ(ခ)မောင်အောင်သိန်း ၁၃/မဆတ(နိုင်)၀၆၁၆၀၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဆိပ်ဖြူမြို့နယ်၊ ရွာသစ်ရပ်ကွက်နေ ဦးဦးရင်၏သား ဦးမောင်အေးနှင့်ဦးလှရွှေ ၈/ဆဖန(နိုင်)၀၁၄၁၄၉ မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်အေး(ခ)ဦးလှရွှေ**

## ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ကဇွန်းမကျေးရွာ အထက ပဉ္စမတန်းမှ မောင်ထွဋ်မြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမျိုးဦး ၈/ဆဖန(နိုင်)၀၄၇၀၆၆ ဖြစ်ပါကြောင်း။ **ဦးဝင်းမျိုးဦး**

## ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ချောင်းမကြီးကျေးရွာ အထက(ခွဲ)စတုတ္ထတန်းမှ မောင်မျိုးထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၈/ဆဖန(နိုင်)၀၀၃၉၉၂ ဖြစ်ပါကြောင်း။ **ဦးကိုကိုနိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/7349 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/2156 Honda Insight Hatch Back (4× 2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရန်ခရွဲလွေ ၁၂/မရက(နိုင်)၁၄၁၇၂၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့၊ (၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၇/မင်းဝိုင်းရပ်၊ ဦးပိုင်အမှတ် (၅၉-ဃ)၊ ဦးသာရင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေဧရိယာ (၀ ဒသမ ၂၃၄)ဧကအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၈/၂၀၁၇)ဖြင့် ပိုင်ဆိုင်ထားသူ ဒေါ်ခင်စန်းမြင့်(ပါ)သုံးဦးထံမှ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် ၃၁/၂၀၁၇ ရရှိထားသူ ဒေါ်ခိုင်သူစိုး ၉/လဝန(နိုင်) ၀၀၂၉၃၇ က (၀ ဒသမ ၁၈၂)ဧကကို ဦးဟန်နိုင်စိုး (ဘ) ဦးစိုးမြင့် ၉/လဝန(နိုင်)၁၄၈၁၂၇နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

# အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

၁။ ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်နှင့်လွိုင်လင်ခရိုင်အတွင်း၌ ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်(စတုတ္ထပိုင်း)အတွက် လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန် အထောက်အပံ့သဘောတူညီမှုရရှိပြီးဖြစ်ပါသည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တောင်ကြီးခရိုင်နှင့်လွိုင်လင်ခရိုင်အတွင်းရှိ ပင်လောင်းနှင့်လွိုင်လင်မြို့နယ်များအတွင်းရှိအောက်ဖော်ပြပါကျေးလက်လမ်းများနှင့် အဆိုပါလမ်းများပေါ်ရှိ တံတားများအားအိတ်ဖွင့်တင်ဒါခေါ်ယူ၍ ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | မြို့နယ် | Lot No | လမ်းအမည် | အမျိုးအစား | အတိုင်းအတာ (Km) |
|---|---|---|---|---|---|
| (က) | ပင်လောင်း | TP-1A | လှည်းကုန်း-မိုးနဲ သရဖူလမ်း | ကတ္တရာ | ၇.၈၀ |
| (ခ) | ပင်လောင်း | TP-1B | မိုးနဲသရဖူ-ကျား တွန်လမ်း | ကတ္တရာ | ၆.၅၀ |
| (ဂ) | ပင်လောင်း | TP-1C | ကျားတွန်-အင်း တိန်လမ်း | ကတ္တရာ | ၅.၁၀ |
| (ဃ) | ပင်လောင်း | TP-3A | နောင်ပိ- တီးလုံလမ်း | ကတ္တရာ | ၁၁.၄ |
| (င) | ပင်လောင်း | TP-3B | တီးလုံ-မိုးဦးလမ်း | ကတ္တရာ | ၁၀.၂၅ |
| (စ) | ပင်လောင်း | TP-3C | မိုးဦး-နမ်းဖာမူလမ်း | ကတ္တရာ | ၁၁.၃၅ |
| (ဆ) | လွိုင်လင် | LL-1A | မင်္ဂလာဦး-တီဟေး လမ်း/တံတား | ကတ္တရာ/ကွန်ကရစ် | ၂.၁၀ |

၃။ စိတ်ပါဝင်စားသော လုပ်ငန်းရှင်ကုမ္ပဏီများမှ သတ်မှတ်တင်ဒါပုံစံများအား ၇-၂-၂၀၁၉ရက်မှစ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၆၅၀၀၀ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၌ဝယ်ယူနိုင်ပြီး ၁၈-၃-၂၀၁၉ရက် မွန်းလွဲ ၂း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါလုပ်ငန်းများနှင့်ပတ်သက်သည့် ကြိုတင်ရှင်းလင်းခြင်းအား ၂၅-၂-၂၀၁၉ရက် နံနက် ၁၀း၀၀ နာရီတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၅။ အသေးစိတ်သိရှိလိုသည်များအား တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒေါ်တင်မိုးမြင့်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်အောင်(၂)ရပ်ကွက်၊ ခုတင်(၂၀၀)ဆံ့ဆေးရုံမြောက်ဘက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇-၂၄၈၂၁
Email:rbbdrd@gmail.com,ruralroad.drrd@gmail.com


**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စိစဉ်ပေးသည်။
09 250095114
09 421041338
09 73224763


## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်သန်း ၁၁/စတန(နိုင်)၀၃၆၁၁၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MB 654617 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၄၄၄၈၂

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ကြာဖဲလှ ၁၁/စတန(နိုင်)၀၃၆၀၈၈ ၏ နိုင်ငံကူးလက်မှတ် MA 860674 မှာခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၄၄၄၈၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၃၃၈၊ ဧရိယာ ၀ဒသမ၀၉၉ဧကရှိ ဒေါ်တင်တင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အမာရီ(ဘ)ဦးမြင့် ၉/ပမန(နိုင်)၀၉၈၂၁၉ မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ဘိုကလေးမြို့နယ်တရားရုံးတော်
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၈

ဦးကျော်သန်း နှင့် ၁။ ဦးစန်းလွင်
၂။ ဒေါ်ဝင်းမော်
တရားလို တရားပြိုင်များ

ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၆၅)ရပ်နေ ၁။ ဦးစန်းလွင်၊ ၂။ ဒေါ်ဝင်းမော် အတူနေလင်မယား(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၅-၅-၂၀၁၇ ရက်စွဲပါ ကတိစာချုပ်အရ သမအသင်းပိုင်ချေး ငွေ ၇၀၀၀၀၀၀/-ကျပ်နှင့် ကတိစာချုပ်အရ အဆိုပါငွေအပေါ်တွင် ဝန်ဆောင်ခငွေ ၂၉၇၅၀၀၀/- ကျပ် စုစုပေါင်းငွေ ၉၉၇၅၀၀၀/-ကျပ် ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်နီလာထွန်း)
မြို့နယ်တရားသူကြီး
ဘိုကလေးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

